ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 8 August 2023 ၁၁၁၈၁

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အာဆီယံ၏ အချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ အနာဂတ်တွင် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ကြရန် လိုအပ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၅၆)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၃ ခုနှစ် ဩဂုတ်လ ၈ ရက်)

**လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား-**

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ (၅၆)နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့ဖြစ်ပါသည်။ ဤနေ့ထူးနေ့မြတ်အခါသမယတွင် မြန်မာနိုင်ငံနှင့် အာဆီယံဒေသအတွင်းရှိ ပြည်သူပြည်သားများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက်ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ယနေ့ကြုံတွေ့နေရသည့် ကမ္ဘာ့ရေးရာ အပြောင်းအလဲများအကြားတွင် အာဆီယံပြည်သူများ၏ ကောင်းကျိုးချမ်းသာအတွက် ဆောင်ရွက်ရာ၌ အာဆီယံအသင်းကြီးအနေဖြင့် အောင်မြင်မှုများ တိုးတက်ရရှိပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အာဆီယံအသင်းကြီးကို လွန်ခဲ့သည့် (၅၆) နှစ်၊ စစ်အေးကာလ အပြင်းထန်ဆုံးအချိန်ဖြစ်သော ၁၉၆၇ ခုနှစ် ဩဂုတ်လ (၈)ရက်နေ့တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံ ခေါင်းဆောင်များက အမြော်အမြင်ကြီးမားစွာဖြင့် စတင်ဖွဲ့စည်းခဲ့ကြခြင်းဖြစ်ပါသည်။ ယင်းနေ့မှာပင် အာဆီယံကြေညာစာတမ်းဟု **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# အကြမ်းဖက်ဖြစ်စဉ်များအားလုံးချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အသစ်ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**

ကြေးမုံ

# သဘာဝဘေးအန္တရာယ် သတိပြုကာကွယ်

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးမှု၊ မုန်တိုင်းတိုက်ခတ်မှု၊ မိုးခေါင်မှု၊ အပူချိန်လွန်ကဲမှု စသည့်သဘာဝပတ်ဝန်းကျင် အစွန်းထွက်ဖြစ်စဉ်များဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ဤသို့ဖြစ်ပေါ်နေသည်မှာ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၌ သဘာဝသယံဇာတများကို အလွန်အကျွံထုတ်ယူမှု၊ လူသားအကျိုးပြု သိပ္ပံနှင့်စက်မှုကဏ္ဍအမျိုးမျိုးမှ ကာဗွန်ကဲ့သို့ အခိုးအငွေ့၊ အမှုန်များစွန့်ထုတ်မှု၊ သစ်တောများပျက်သုဉ်းမှု စသည့်ဖြစ်စဉ်များကြောင့် ရာသီဥတုပြောင်းလဲဖြစ်ပေါ်ပြီး ကမ္ဘာတစ်ဝန်း၌ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကြုံတွေ့လာသည်။

မြန်မာနိုင်ငံအနေဖြင့် ပထဝီအနေအထားနှင့် ရာသီဥတုအခြေအနေများအရ မိုးရာသီမုတ်သုံကာလ၌ ပုံမှန်ရာသီဥတုဖြစ်စဉ်မဟုတ်သည့် မိုးသည်းထန်မှုအခြေအနေများနှင့်ကြုံတွေ့နေသည်။ မြန်မာနိုင်ငံသည် မြောက်မှတောင်သို့ ရှည်လျားစွာစီးဆင်းနေသော မြစ်ကြီးလေးသွယ်နှင့် အဆိုပါမြစ်ကြီးများမှ မြစ်လက်တက်ပေါင်းများစွာ စီးဆင်းနေသည်။ ထို့ပြင် တောင်ကုန်း၊ တောင်တန်းများနှင့် အင်း၊ အိုင်၊ ဆည်မြောင်းများလည်း အလွန်ပေါများသောနိုင်ငံဖြစ်သည်။ ယခုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းသောအခြေအနေတွင် အဆိုပါမြစ်၊ ချောင်း၊ အင်း၊ အိုင်များ၌ ရေများပြည့်လျှံပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်သည်။

လက်ရှိအခြေအနေတွင် အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းမြစ်ကြီးများ၌ စိုးရိမ်ဖွယ်ရာရေမှတ်အခြေအနေမရှိသေးသော်လည်း သံလွင်မြစ် မြစ်ဖျားခံရာ ဘားအံမြို့တွင် စိုးရိမ်ရေမှတ်အထက်တွင်ရှိနေသည်။ သံလွင်မြစ်၏ မြစ်လက်တက် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် စိုးရိမ်ရေမှတ်အထက်တွင်ရှိနေပြီး ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ရောက်နေသည်။ နန့်ယင်းမြစ်ရေသည် မိုးကောင်းမြို့၌ စိုးရိမ်ရေမှတ်အထက်တွင်တည်ရှိနေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဩဂုတ်လ ၅ ရက်နေ့တွင် အသိပေးထားရာ ယင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းများအနီးနှင့် မြေနိမ့်ပိုင်းများတွင်နေထိုင်ကြသော ပြည်သူများအနေဖြင့် သတိပြုနေထိုင်ကြရမည်ဖြစ်သည်။

ယခုအခါ တောင်ကျရေစီးဆင်းမှုကြောင့် ဘီးလင်းမြို့နယ်အတွင်း ရန်ကုန်-မော်လမြိုင်ကားလမ်း ရေကျော်နေပြီး ဖြတ်သန်းသွားလာသောယာဉ်များ အန္တရာယ်ရှိသောကြောင့် အဆိုပါလမ်းကို ယာယီပိတ်ထားရသည်။ လှိုင်းဘွဲ့မြို့နယ်တွင် ချောင်းလက်တက်များမှ ရေများစီးဆင်းလာသောကြောင့် မြို့အနိမ့်ပိုင်းရပ်ကွက်များ ရေဝင်နစ်မြုပ်နေသည်။ ဖားကန့်မြို့နယ် မော်စီစာရွာတွင် ကမ်းပြိုမှုကြောင့် လူအချို့သေဆုံးမှုဖြစ်ခဲ့သည်။ ရေကြီးရေလျှံမှုဖြစ်သည့် ကရင်ပြည်နယ်အတွင်းမြို့နယ်အချို့တွင် ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၌ ၂၀၁၈ ခုနှစ်က ရေကြီးရေလျှံမှုများ ဆိုးဆိုးရွားရွား ဖြစ်ပေါ်ခဲ့သည်။ ယခုနှစ်တွင် ရေကြီးရေလျှံမှုမှာ အနည်းငယ်သာဖြစ်ပေါ်သေးသည်။

သို့သော် မိုးသည်းထန်စွာရွာသွန်းမှု ဆက်လက်ဖြစ်ပေါ်နေမှုအခြေအနေများနှင့် အဓိကမြစ်ကြီးလေးသွယ်၏ အခြေအနေများအပေါ်မူတည်၍ ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြု၍ ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးရေလျှံမှု သုံးကြိမ်ဖြစ်လေ့ရှိပြီး မိုးဦးကာလ ဇွန်လတွင် တစ်ကြိမ်၊ မိုးလယ်ကာလ ဇူလိုင်၊ ဩဂုတ်လတို့တွင်တစ်ကြိမ်နှင့် မိုးနှောင်းမိုးလွန်ကာလ စက်တင်ဘာ၊ အောက်တိုဘာလတို့တွင် တစ်ကြိမ်ဖြစ်တတ်၍ ယခုမိုးလယ်ကာလမှ မိုးလွန်ကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ပြင်ဆင်ဆောင်ရွက်မှုများနှင့်အတူ ဒေသခံပြည်သူများကလည်း အတူလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်သောဒေသများ၌ ပြည်သူများရေဘေးမှ လွတ်ကင်းနိုင်သည့်နေရာများ၊ အရေးပေါ်သုံးစွဲနိုင်မည့် သောက်ရေသန့်၊ အစားအစာ၊ ဆေးဝါးနှင့် လူ့အသုံးအဆောင်ပစ္စည်းများကို ကြိုတင်စုဆောင်းထားရမည်ဖြစ်ပြီး မိမိတို့၏ အရေးကြီးသောပစ္စည်းများကို အသင့်ပြင်ဆင်သိမ်းဆည်းထားရမည့်အပြင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်အတွက်လည်း ဆောင်ရွက်ထားရမည်ဖြစ်ပြီး အိမ်မွေးတိရစ္ဆာန်၊ မွေးမြူရေးတိရစ္ဆာန်များ ဘေးကင်းလုံခြုံရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။ ရေကြီးရေလျှံမှုဖြစ်သည့်အခါ ဖြစ်ပေါ်တတ်သည့် အန္တရာယ်များနှင့် ဖျားနာ၊ ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောကဲ့သို့ ရောဂါဘယများ၊ ကူးစက်တတ်သောရောဂါများ ဖြစ်ပွားခြင်းမရှိအောင် ဒေသဆိုင်ရာကျန်းမာရေးဌာန၏လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ကာကွယ်ထားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် မိုခါမုန်တိုင်းကျရောက်ခြင်းမှလွဲ၍ သဘာဝဘေးအန္တရာယ်များ ဆိုးဆိုးရွားရွားဖြစ်ပေါ်ခြင်းမရှိသေးသော်လည်း ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှု နောက်ဆက်တွဲအကျိုးဆက်များအရ လာမည့်ကာလများတွင် ဖြစ်ပေါ်လာနိုင်သော မိုးရာသီတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာခြင်း၊ နွေရာသီတွင် အပူချိန်မြင့်မားမှုများဖြစ်ပေါ်ခြင်းတို့ကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် သတိပြုဆင်ခြင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု လေးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာထွေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးခင်မောင်ကြီး၊ ဦးသိန်းကိုကိုနှင့် ဒေါ်သင်းသင်းနွဲ့တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၇/၂၀၂၂ (ရန်ကုန်)၊ ၃၈/၂၀၂၂ (ရန်ကုန်)၊ ၃၉/၂၀၂၂ (ရန်ကုန်) နှင့် ၅၇/၂၀၂၂ (ရှမ်း)၊ စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်းသိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာ ဝင်းမြင့် | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ခ) ဒေါက်တာ အောင်ခိုင် | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆေးဝါးလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (ဂ) ဦးမင်းသူ | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာစန်းကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အိမ်သုံးဆပ်ပြာဆီ ပြုလုပ်နည်းသင်တန်း ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကျင်းပသော အိမ်သုံးဆပ်ပြာဆီလုပ်နည်း သင်တန်းကို ယနေ့နံနက် ၁၀နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်ညွန့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဆပ်ပြာဆီတစ်ဖုံပြုလုပ်ရာတွင် ပါဝင်ပစ္စည်းများ၊ အသုံးပြုရမည့် ရေအမျိုးအစားနှင့် အချိုးအစားများ၊ ပြုလုပ်ပုံပြုလုပ်နည်းများ၊ ပြုလုပ်ပြီး ဆပ်ပြာဆီကို ချက်ချင်း အသုံးမပြုရကြောင်းနှင့် ပြုလုပ်ပြီးထားရှိရမည့် နာရီအထိထားပြီးမှသာ အသုံးပြုရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းသူစုစုပေါင်း ၁၂ ဦး တက်ရောက်ကာ သင်တန်းကာလမှာ တစ်ရက်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇-၈-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၁,၈၂၂ | ၁၅,၈၅၂,၉၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၄,၂၁၂ | ၁၂,၄၂၅,၄၀၀ |
| MCB | ၇,၅၀၀ | ၇,၃၀၀ | ၄၉ | ၃၅၇,၉၀၀ |
| FPB | ၁,၆၀၀ | ၁,၅၅၀ | ၁,၂၂၄ | ၁,၉၀၁,၉၅၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၀ | ၀ |
| EFR | ၂,၃၀၀ | ၂,၃၅၀ | ၂,၂၅၀ | ၅,၁၈၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၅,၀၀၀ | ၆၅ | ၃၁၈,၇၀၀ |
| MAEX | ၁,၉၀၀ | ၁,၉၀၀ | ၂၄၇ | ၄၆၉,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | | | |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - | ဦးနိုင်လင်းကြည်၊ | စာပြင် | - | ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **အာဆီယံမှ**

လူသိများသည့် ဘန်ကောက်ကြေညာစာတမ်းကို ခေါင်းဆောင်ငါးဦးတို့က လက်မှတ်ရေးထိုးပြီး အာဆီယံအသင်းကြီးကို စတင်ဖွဲ့စည်းခဲ့ပါသည်။

အာဆီယံအသင်းကြီး၏ တိုးတက်ပြောင်းလဲမှု သမိုင်းဖြစ်စဉ်တစ်လျှောက်တွင် စိန်ခေါ်မှုများနှင့် ရပ်တည်အောင်မြင်မှုအတွက် သံသယများကို ရင်ဆိုင်ခဲ့ရသော်လည်း ယခုအချိန်အခါ ခေတ်မီ တိုးတက်နေသော ကမ္ဘာကြီးတွင် အစိုးရများ အချင်းချင်းအကြား ဖွဲ့စည်းထားသော အဖွဲ့အစည်းများအနက် အာဆီယံသည်လည်း အောင်မြင်မှု ရရှိနေသော အသင်းကြီးတစ်ခု ဖြစ်လာခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြွယ်ဝချမ်းသာရေးသာမက ဒေသတွင်းပုံရိပ်ကိုပါ ထိန်းသိမ်းထားကြရန် တာဝန်ရှိပါသည်။ အာဆီယံအသင်းကြီး၏ အောင်မြင်မှုနှင့် သက်တမ်းရှည်ကြာမှုကို အဖွဲ့ဝင်(၁၀)နိုင်ငံဖြင့် တိုးချဲ့ဖွဲ့စည်း သက်သေပြနိုင်ခဲ့သကဲ့သို့ နောက်ထပ်မိသားစုဝင်အသစ်ကိုလည်း ကြိုဆိုနိုင်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ပါသည်။

ယနေ့အချိန်တွင် အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (Treaty of Amity and Cooperation in Southeast Asia– TAC)ကို လက်မှတ်ရေးထိုးရန် စိတ်အားထက်သန်သော နိုင်ငံအရေအတွက် များပြားလာသကဲ့သို့ အာဆီယံပြင်ပနိုင်ငံများအနေဖြင့်လည်း အာဆီယံနှင့် မိတ်ဖက်ဆက်ဆံရေး ပုံစံအမျိုးမျိုး ထူထောင်လိုမှု တိုးတက်များပြားလာသည်ကိုလည်း တွေ့ရပါသည်။ ထိုသို့ဖြစ်ပေါ်နေခြင်းမှာ အာဆီယံအသင်းကြီး၏ အခြေခံမူများသည် နိုင်ငံတကာနယ်ပယ်တွင် အရေးပါအကျိုးဝင်နေဆဲဖြစ်ကြောင်း ထင်ဟပ်ပြသနေခြင်းပင် ဖြစ်ပါသည်။

ယနေ့အထိ အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်(TAC)သို့ နိုင်ငံပေါင်း (၅၁)နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်သည်ကို အားတက်ဖွယ်တွေ့မြင်ရပြီး အာဆီယံနှင့် မိတ်ဖက်ဆက်ဆံမှုရှိသော (၁၁)နိုင်ငံနှင့် မဟာဗျူဟာ

**“အာဆီယံအသင်းကြီးက ရည်ရွယ်ချမှတ်ထားသည့် မျှော်မှန်းချက်များကို အောင်အောင်မြင်မြင် ရရှိနိုင်ရေးအတွက် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့်အညီ အာဆီယံ၏ အချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို အလေးအနက်ထား ကိုင်စွဲကြရန် သတိပြုကြရမည်ဖြစ်ပါသည်။ ထို့အပြင် ပထဝီနိုင်ငံရေး အားပြိုင်မှုများမှတစ်ဆင့် ပေါ်ပေါက်လာမည့် ဖိအားပေးမှုများနှင့် စိန်ခေါ်မှုများကို ညီညီညွတ်ညွတ် ရင်ဆိုင်ဖြေရှင်းကြရမည် ဖြစ်ပါသည်။ မိမိတို့အနေဖြင့် အာဆီယံ၏ အချက်အချာကျမှုနှင့် အာဆီယံဦးဆောင်သော အခန်းကဏ္ဍများအပေါ် ခြိမ်းခြောက်လာနိုင်သည့် အခြေအနေများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ယခုထက်ပို၍ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်မှုရှိပြီး စည်းမျဉ်းအခြေပြုသည့် ဒေသဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုပုံစံကို ဖော်ဆောင်ကြရန် လိုအပ်”**

မိတ်ဖက်ဆက်ဆံရေးအဆင့်ရှိသည့် နိုင်ငံ (၉)နိုင်ငံရှိပြီး ၎င်းတို့အနက် (၄)နိုင်ငံကို ဘက်စုံမဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့ပြီဖြစ်ပါသည်။

ထို့ပြင် အာဆီယံအသင်းကြီးနှင့် အာရှ၊ ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် လက်တင်အမေရိကဒေသများမှ နိုင်ငံ (၁၀)နိုင်ငံတို့သည် ကဏ္ဍအလိုက် မိတ်ဖက်ဆက်ဆံရေး သို့မဟုတ် ဖွံ့ဖြိုးမှုမိတ်ဖက်ဆက်ဆံရေးအဆင့် ထူထောင်ထားရှိပြီး ဖြစ်ပါသည်။ ထို့ကြောင့် အာဆီယံအသင်းကြီးအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရာတွင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝါဒ၏ အောင်မြင်မှု စံနမူနာတစ်ခုအဖြစ် သက်သေပြသနိုင်နေပြီ ဖြစ်ပါသည်။

သို့ရာတွင် အာဆီယံအသင်းကြီးသည်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ခက်ခဲသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါသည်။ အသင်းကြီးအနေဖြင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများဖြစ်သည့် သဘာဝဘေးအန္တရာယ်များ၊ ကူးစက်ရောဂါအသစ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ အကြမ်းဖက်မှု၊ အစားအစာနှင့် စွမ်းအင်လုံခြုံရေး စသည့်ကိစ္စရပ်များတွင် အတူတကွ ဖြေရှင်းနိုင်ရန်အတွက် အနာဂတ်ကို ယခုထက်ပို၍ ကြိုတင်မှန်းဆပြင်ဆင်ထားရန် လိုအပ်ပါသည်။ ထိုကဲ့သို့ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် အာဆီယံဦးဆောင်သည့် ဆောင်ရွက်မှုပုံစံနှင့် စုစည်းမှုအားကောင်းသည့် ဒေသဆိုင်ရာအဆင့် ချဉ်းကပ်မှုမျိုးရှိရန် အရေးကြီးပါသည်။

၂၀၂၃ ခုနှစ် အာဆီယံဥက္ကဋ္ဌက ချမှတ်ထားသည့် **“ASEAN Matters: Epicentrum of Growth” “ဖွံ့ဖြိုးမှုဗဟိုချက် အာဆီယံက အလေးထားဆောင်ရွက်”**ဆိုသည့်ဆောင်ပုဒ်နှင့်အညီ အာဆီယံ၏ အချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ အနာဂတ်တွင် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ကြရန် လိုအပ်မည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားအဖြစ် ဒေသတွင်းစွမ်းအားဖြစ်ထွန်းစေရေးကို ပေါ်လွင်အောင် ဖော်ဆောင်ပေးရန်လိုပါသည်။

အာဆီယံအသင်းကြီးက ရည်ရွယ်ချမှတ်ထားသည့် မျှော်မှန်းချက်များကို အောင်အောင်မြင်မြင် ရရှိနိုင်ရေးအတွက် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့်အညီ အာဆီယံ၏ အချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို အလေးအနက်ထား ကိုင်စွဲကြရန် သတိပြုကြရမည်ဖြစ်ပါသည်။ ထို့အပြင် ပထဝီနိုင်ငံရေး အားပြိုင်မှုများမှတစ်ဆင့် ပေါ်ပေါက်လာမည့် ဖိအားပေးမှုများနှင့် စိန်ခေါ်မှုများကို ညီညီညွတ်ညွတ် ရင်ဆိုင်ဖြေရှင်းကြရမည်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် အာဆီယံ၏ အချက်အချာကျမှုနှင့် အာဆီယံဦးဆောင်သော အခန်းကဏ္ဍများအပေါ် ခြိမ်းခြောက်လာနိုင်သည့် အခြေအနေများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ယခုထက်ပို၍ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်မှုရှိပြီး စည်းမျဉ်းအခြေပြုသည့် ဒေသဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုပုံစံကို ဖော်ဆောင်ကြရန် လိုအပ်ပါသည်။

အာဆီယံအသင်းဝင် နိုင်ငံများအနေဖြင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ နှင့် ဒေသဆိုင်ရာ ကတိကဝတ်များ ပြည့်မီစေရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် ပြည်သူများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အာဆီယံအသင်းကြီး၏ အနာဂတ်နှင့် ၂၀၂၅ အလွန် အာဆီယံမျှော်မှန်းချက်များကို ထိန်းသိမ်းထားနိုင်ရေး၊ ပြည်သူများ၏ လူမှုဘဝ တိုးတက်ကောင်းမွန်စေရေးအတွက် ကြံ့ကြံ့ခံနိုင်မှု၊ တီထွင်စွမ်းအားရှိမှုနှင့် ပြည်သူဗဟိုပြု အာဆီယံအသင်းကြီး ဖြစ်လာစေရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအသိုက်အဝန်း အခြေပြမြေပုံ အကောင်အထည်ဖော်ဆောင်မှု၊ ဒေသဆိုင်ရာ ပေါင်းစည်းရေးနှင့် အသိုက်အဝန်းတည်ဆောက်ရေးတို့အတွက် အာဆီယံနှင့်အတူ တာဝန်သိအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဥပဒေကြောင်းအရနှင့် ဘဏ္ဍာရေးအပါအဝင် လုပ်ငန်းပိုင်းဆိုင်ရာများ၌ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖြည့်ဆည်းရမည့် ဝတ္တရားများကို မပျက်မကွက် ထမ်းဆောင်လျက်ရှိနေပါသည်။ အထူးသဖြင့် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးတာဝန်ခံနိုင်ငံအဖြစ် ဆောင်ရွက်နေပြီး အာဆီယံမဏ္ဍိုင် (၃)ရပ်နှင့် ၎င်းအောက်ရှိ နယ်ပယ်ကဏ္ဍများတွင် အသိုက်အဝန်းထူထောင်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

အာဆီယံ ပြည်သူပြည်သားများဖြစ်ကြသည့် မိမိတို့အနေဖြင့် အနာဂတ်သာယာလှပစေရန် ကြိုးပမ်းဆောင်ရွက်ကြရာတွင် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိရမည် ဖြစ်ပါသည်။ ယခုကဲ့သို့ မင်္ဂလာရှိသည့် (၅၆)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့တွင် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်လောင်း ကတိကဝတ်ပြုပါသည်။

ဒေသတွင်းရှိ ပြည်သူများ၏ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင်လည်း အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ အချက်များကို လေးစားလိုက်နာပြီး အာဆီယံ၏ အခြေခံမူများနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း တာဝန်ရှိသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ထပ်လောင်း ကတိပြုလျက် သဝဏ်လွှာပါးအပ်ပါသည်။ ။

**“အာဆီယံအသင်းဝင် နိုင်ငံများအနေဖြင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ နှင့် ဒေသဆိုင်ရာ ကတိကဝတ်များ ပြည့်မီစေရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် ပြည်သူများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အာဆီယံအသင်းကြီး၏ အနာဂတ်နှင့် ၂၀၂၅ အလွန် အာဆီယံမျှော်မှန်းချက်များကို ထိန်းသိမ်းထားနိုင်ရေး၊ ပြည်သူများ၏ လူမှုဘဝ တိုးတက်ကောင်းမွန်စေရေးအတွက် ကြံ့ကြံ့ခံနိုင်မှု၊ တီထွင်စွမ်းအားရှိမှုနှင့် ပြည်သူဗဟိုပြု အာဆီယံအသင်းကြီး ဖြစ်လာစေရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရမည်”**

## လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ တင်သွင်းရောက်ရှိ

နေပြည်တော် ဩဂုတ် ၇

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger) 200 KW လေးစုံသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးယာဉ်အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

သတင်းစဉ်



## မြေပုံမြို့နယ်၌ တီဘီလူနာရှာဖွေခြင်းနှင့် တီဘီရောဂါကုသခြင်း ဆောင်ရွက်

မြေပုံ ဩဂုတ် ၇

ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ ဒေါက်တာဇော်ညိမ်း ဦးဆောင်သော ကွင်းဆင်း တီဘီလူနာရှာဖွေခြင်းနှင့် တီဘီရောဂါဆေးကုသခြင်းကို ယနေ့နံနက် ၈ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

လေဘေးသင့်ပြည်သူများသို့ နယ်လှည့်ကွင်းဆင်း တီဘီလူနာရှာဖွေခြင်းနှင့် တီဘီရောဂါဆေးကုသခြင်းဆောင်ရွက်ရာ၌ ဒေါက်တာဇော်ညိမ်း ဦးဆောင်၍ ဒေါ်အေးအိအိသော်၊ ဦးဇင်ဝင်းနိုင်၊ ဦးမင်းကိုတို့အဖွဲ့သည် ပြည်သူများအား(အခမဲ့) တီဘီရောဂါ ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် တီဘီရောဂါပိုးတွေ့ရှိသူများအား တီဘီဆေးကုသပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

☆ **PDF အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် အချို့သော EAO အဖွဲ့များ၏ လုပ်ဆောင်မှုများကြောင့် တိုင်းရင်းသားဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိသည့်အပြင် ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားမှုအခွင့်အရေးများ များစွာဆုံးရှုံးထိခိုက်နစ်နာစေလျက်ရှိ**

☆ **ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများဆုံးရှုံး၍ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာစေလျက်ရှိသကဲ့သို့ တိုင်းပြည်၏ အနာဂတ်အတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိ**

☆ **မိမိတို့အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို မဖြစ်မနေ ဆောင်ရွက်သွားကြရမည်**

❖ **ရှေ့ဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်တို့ တက်ရောက်ကြသည်။

**စစ်ဘက်၊ အရပ်ဘက် မျှတစွာ တာဝန်ခွဲဝေပေးအပ်ခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အသစ်ထပ်မံဖွဲ့စည်းခဲ့သည့် ကောင်စီဝင်များနှင့် ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ယာယီသမ္မတ၏ တာဝန်ပေးအပ်မှုအရ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကောင်စီအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အကြီးအကဲများကို တာဝန်ပေးအပ်ရာတွင် ဝန်ကြီးဌာနအလိုက် တာဝန်ထမ်းဆောင်လျက်ရှိသူများ၊ အတွေ့အကြုံရှိပြီးသူများနှင့် ဒေသနှင့်ကိုက်ညီသူများကို စိစစ်ရွေးချယ်၍ စစ်ဘက်၊ အရပ်ဘက် မျှတစွာ တာဝန်ခွဲဝေပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

ယခင်အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခြင်း မရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ကြိုးပမ်းခဲ့ခြင်းကြောင့် တပ်မတော်မှ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း၊ လွှတ်တော်ကို ဖျက်သိမ်းပြီးနောက် ၎င်းတို့အနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခြင်းမရှိဘဲ တရားမဝင်အဖွဲ့များဖြစ်သည့် CRPH၊ NUG နှင့် PDF အဖွဲ့များကို ဖွဲ့စည်းကာ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်များကို ရွေးချယ်ခဲ့ကြကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် EAO အဖွဲ့အချို့၏ ကူညီအားပေးမှုနှင့် အထောက်အပံ့များကိုရယူ၍ လက်နက်ကိုင်အကြမ်းဖက်မှုများကို လုပ်ဆောင်ခဲ့ကြကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိစေရေး ယခင်ကတည်းက ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ယင်းတို့ကို NCA အပေါ်တွင် အခြေခံ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် အချို့သော EAO အဖွဲ့များအနေဖြင့် NCA သဘောတူညီချက်များကို လိုက်နာခြင်းမရှိဘဲ အကြမ်းဖက်လုပ်ရပ်များ၌ ပါဝင်ဆောင်ရွက်ခြင်းကြောင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ ပိုမိုဆိုးရွားလာခဲ့ကြောင်း၊ ထိုကဲ့သို့သော အကြမ်းဖက်လုပ်ရပ်များကြောင့် အချို့သော ဒေသများတွင် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိခဲ့ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းအောင် ဆက်လက်ဆောင်ရွက်ပြီး ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် အချို့သော EAO အဖွဲ့များ၏ လုပ်ဆောင်မှုများကြောင့် တိုင်းရင်းသားဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိသည့်အပြင် ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားမှု အခွင့်အရေးများ များစွာဆုံးရှုံးထိခိုက်နစ်နာစေလျက်ရှိကြောင်း၊ ထို့ပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံး၍ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာစေလျက်ရှိသကဲ့သို့ တိုင်းပြည်၏ အနာဂတ်အတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို မဖြစ်မနေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှု ရှိစေရေး ဆောင်ရွက်သွားရမည်**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ လက်ရှိ ကမ္ဘာပေါ်တွင် စားရေရိက္ခာလုံခြုံရေး Food Security သည် အမှန်တကယ် လိုအပ်ချက်ရှိနေသည့် အချက်တစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်သည့် အခြေအနေများစွာ ရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံပြီး MSME ကုန်ထုတ်လုပ်ငန်းများကို ခေတ်မီနည်းပညာများ အသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရေး ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ လယ်စိုက်ပျိုးမြေများတွင် တစ်သီးသာစိုက်ပျိုးသည့် မြေဧကသုံးသန်းကျော်ရှိကြောင်း၊ ယင်းနေရာများ၌ ဆီထွက်သီးနှံအပါအဝင် သီးနှံတစ်မျိုးမျိုးကို စိုက်ပျိုးမည်ဆိုပါက ပြည်တွင်းအတွက် လိုအပ်သည့် အခြေခံသွင်းကုန်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့လည်း ပို့ကုန်များ ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ အမှန်တကယ် လိုအပ်သည်မှာ **စိုက်ပျိုးမွေးမြူရေးနယ်ပယ်တွင် မြေကိုအကျိုးရှိစွာအသုံးချနိုင်ရေး နိုင်ငံတော်အစိုးရက ကူညီဆောင်ရွက်ပေးရန်လို**ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေး ဘက်ပေါင်းစုံမှ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစား၍ စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို မြှင့်တင်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ပတ်သက်၍ အခြေခံဥပဒေ၌ တူညီသည့် အခွင့်အရေးများ ပေးထားပြီးဖြစ်သကဲ့သို့ မိမိတို့အနေဖြင့်လည်း တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တိုင်းရင်းသားဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့် NCA ပါ သဘောတူညီချက်များအတိုင်း အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကလည်း အလေးထားလိုက်နာဆောင်ရွက်သွားရန် လိုကြောင်း၊ ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ရှေးရိုးစွဲကျသည့် အတွေးအခေါ်၊ အယူအဆများဖြင့် စဉ်းစားဆောင်ရွက်နေရုံဖြင့်မရဘဲ လက်ရှိနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီစွာ စဉ်းစားဆောင်ရွက်ကြရန် လိုကြောင်း၊ အလားတူ ပြင်ပမှ သွေးထိုးလှုံ့ဆော်မှုများကြောင့် NCA ကို မထိခိုက်စေရန်လည်း အထူးသတိပြု ဆောင်ရွက်ရန်လိုကြောင်း၊ သမာသမတ်ကျသည့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုများကို အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ အနေဖြင့်လည်း မိမိတို့တတ်နိုင်သည့်ဘက်မှ အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း အားလုံးက လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

**ပညာရည်မြင့်မားအောင် ဆောင်ရွက်ပေးရမည်**

ခေတ်မီတိုးတက်သည့် နိုင်ငံတိုင်းသည် ပညာတတ်များ ပေါကြွယ်ဝကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပညာရည်မြင့်မားမှုသာ ပိုင်းခြားဝေဖန်လုပ်ကိုင်နိုင်သည့် အတွေးအခေါ်များ ရရှိမည်ဖြစ်သောကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပညာရည်မြင့်မားအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အနာဂတ်လူငယ်များကို မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာကို ထိန်းသိမ်းတတ်စေရန်နှင့် တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့် ရင်ပေါင်တန်းနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုကဲ့သို့ အနာဂတ် လူငယ်များအား လမ်းကြောင်းမှန်ပေါ်သို့ရောက်အောင် တည့်မတ်ထိန်းကျောင်းပေးနိုင်မှသာလျှင် တိုင်းပြည်၏ အနာဂတ် တည်ဆောက်ရေးလုပ်ငန်းများအတွက် အားကိုးအားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိလာနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မှသာ မိမိတို့၏ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ပါတီများအနေဖြင့် အယူအဆများနှင့် သဘောတရားများ တူညီမှုမရှိနိုင်ဘဲ သဘောထားကွဲလွဲမှုများလည်း ရှိနိုင်ကြောင်း၊ တိုင်းရင်းသားလူမျိုးစုအလိုက်လည်း မတူညီသည့် လက္ခဏာများရှိကြောင်း၊ ထို့ကြောင့် လူပုဂ္ဂိုလ်နှင့်လူမျိုးကိုအခြေခံ ဆောင်ရွက်၍ ရမည်မဟုတ်ဘဲ ဒေသနှင့်အများ၏ သဘောဆန္ဒအတိုင်း ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လူအနည်းစု၏ သဘောထားကိုလည်း အလေးထားရန်လိုကြောင်း၊ သို့မှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စု၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား

**စာမျက်နှာ ၅ သို့ »»»**

☆ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်၏ တာဝန်များကို လွှဲပြောင်းပေးမည်ဖြစ်သည့်အတွက် ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

☆ **ရွေးကောက်ပွဲဟူသည် ရာနှုန်းပြည့်ကျင်းပအောင်မြင်ရန်ခက်ခဲသော်လည်း ပြည်သူတို့၏ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး မိမိတို့က စွမ်းအားရှိသမျှ လုပ်ဆောင်ရမည်**

☆ **စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဩဂုတ် ၈ ရက်(ယနေ့)မှ ၁၆ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖူးမြော်နိုင်

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားများကို ဩဂုတ် ၁ ရက်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။



ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ၊ ဂန္ဓကုဋီတိုက်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါမိပတိ သသာနဒ္ဓဇမာန်တော်ကြီး၊ ကျောက်စာရုံ စေတီအဆူ ၇၂၀ တို့ကို ရဟန်း၊ ရှင်လူအများ ပြည်သူများအနေဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက် (ယနေ့)မှ ၁၆ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့ဖူးမြော်ကြည်ညိုနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။ **သတင်းစဉ်**

»»» **စာမျက်နှာ ၄ မှ**

နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းပေးမည်ဖြစ်သည့်အတွက် ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံးအကြား အလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ မဲဆန္ဒရှင်စာရင်းများ ကောက်ယူရာတွင် မှန်ကန်မှုရှိရေး၊ ပြည့်စုံရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် တစ်နိုင်ငံလုံး ရာနှုန်းပြည့်ဆန္ဒမဲပေးနိုင်ရေး တာဝန်ရှိသူများအားလုံးက ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရွေးကောက်ပွဲဟူသည် ရာနှုန်းပြည့် ကျင်းပအောင်မြင်ရန် ခက်ခဲသော်လည်း ပြည်သူတို့၏ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး မိမိတို့က စွမ်းအားရှိသမျှလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲ တစ်ရပ်ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

> ❖ **နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအပေါ် နှောင့်ယှက်မှုများရှိနေမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်ရေး လုပ်ငန်းစဉ်များကို နှောင့်နှေးကြန့်ကြာစေမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး တာဝန်ထမ်းဆောင်ခဲ့သည့် ပထမနှစ်နှစ်တာကာလအတွင်း နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ နောက်ထပ်သက်တမ်းတိုးယူခဲ့သည့် ၆ လတာကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများချမှတ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ယခုထပ်တိုးကာလများ၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း။

**နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအပေါ် နှောင့်ယှက်မှုများရှိနေမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်ရေးလုပ်ငန်းစဉ်များကို နှောင့်နှေးကြန့်ကြာစေမည်**ဖြစ်ကြောင်း၊ ထိုသို့နှောင့်နှေးစေခြင်းသည် ပြည်သူလူထုတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ပြန်လည်ဖော်ဆောင်ရေးအတွက် လုပ်ဆောင်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ် နှောင့်နှေးစေကြောင်း၊ ထိုကဲ့သို့နှောင့်နှေးအောင် လုပ်ဆောင်နေသူများသည် ပြည်သူ့ဆန္ဒကို ဆန့်ကျင်နေသူ၊ ပြည်သူကို ထိခိုက်စေသူများဖြစ်ကြောင်း၊ ထို့ကြောင့် **အကြမ်းဖက် ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးမှလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊** မိမိတို့ ဆက်လက်တာဝန်ထမ်းဆောင်မည့်ကာလအတွင်း နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကောင်စီဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုအားဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကောင်စီဝင်များအားလုံးကလည်း မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■



# ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှက ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့သည့် ဆင်ဖြူတော်(အထီး)ကလေး "ရဋ္ဌနန္ဒက" သည် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆင်ဖြူတော်လေးသည် မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိပြီး ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက် ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

ယခုအခါ ဆင်ဖြူတော်လေးသည် အသက် ၁ နှစ် ၁၅ ရက်သား အရွယ်ရှိပြီး အရပ်အမြင့် ၃ ပေ ၁၀ လက်မ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ၆၇၅ ပေါင်ရှိလာကြောင်း၊ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၇

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်တို့ တက်ရောက်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်တို့ ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာစဉ်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း အနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတွင် အဖွဲ့ဝင်အဖြစ်တက်ကြွစွာဆောင်ရွက်ပေးနေသကဲ့သို့ ပြည်ထောင်စုအဆင့်တွင်သာမက လက်ရှိဖွဲ့စည်းထားပြီးဖြစ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်တို့တွင်လည်း အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းအဖွဲ့များဖွဲ့စည်းပြီး တက်ကြွစွာပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ လက်ရှိနိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင်လည်း အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် ၁၇ ခုအနက်မှ ပန်းတိုင်(၅)ဖြစ်သည့် “ကျား၊ မ တန်းတူညီမျှမှုကို ရရှိရန်နှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအားလုံးကို စွမ်းဆောင်ရည်မြှင့်တင်ရန်” ဆိုသည့် ရည်မှန်းချက်နှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံ အသိုက်အဝန်း မဏ္ဍိုင် သုံးခုအောက်ရှိ ကဏ္ဍာပေါင်းစုံမှအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ASEAN Gender Mainstreaming Strategic Framework – AGMSF (2021–2025)ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အသင်းက ပါဝင်လျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေထုတ်ပြန်စာရင်းတွင် မြန်မာနိုင်ငံ၏ခန့်မှန်းလူဦးရေမှာ ၅၅ ဒသမ ၈ သန်းရှိပြီး အမျိုးသားဦးရေ ၂၆ ဒသမ ၇ သန်းနှင့် အမျိုးသမီးဦးရေမှာ ၂၉ ဒသမ ၁ သန်းရှိသောကြောင့် အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် နှစ်သန်းကျော် ပိုမိုများပြားလျက်ရှိပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အမျိုးသမီးစွမ်းအားစုကြီး၏ စွမ်းဆောင်ပါဝင်မှုကို ထိထိရောက်ရောက် ရယူနိုင်ရန် လိုအပ်သကဲ့သို့ အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတွင် ပါဝင်သည့် အမျိုးသမီးအဖွဲ့များအားလုံးက စုစည်းညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဝေဝေသာက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (၁၀)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းမှုများကို ဂုဏ်ပြုမှတ်တမ်းတင်ကြေညာသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် အသင်းဝင်များနှင့် တာဝန်ရှိသူများသည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသစ်ပြဋ္ဌာန်းလိုက်သည့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့် ပတ်သက်၍ အသိပညာပေးအစီအစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်တို့ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# တစ်ခုတည်းသောအာဆီယံ တစ်ခုတည်းသောတုံ့ပြန်မှု

ဝေဝေလင်း

မြန်မာနိုင်ငံသည် ဧရိယာအကျယ်အဝန်း ၆၇၆၅၇၈ စတုရန်းကီလိုမီတာရှိပြီး အရှေ့တောင်အာရှတွင် အကြီးဆုံးနိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပထဝီမြေမျက်နှာပြင်အနေအထားအရ သဘာဝဘေးအန္တရာယ်များ ဖြစ်သည့် ဆိုင်ကလုန်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ မြေလျှောင်များလှုပ်ခတ်ခြင်း၊ ရေကြီးခြင်းနှင့် မြေပြိုခြင်းကဲ့သို့ သဘာဝဘေးဒဏ်များ မကြာခဏခံစားရလေ့ရှိပါသည်။ ထိုကဲ့သို့ သဘာဝဘေးဒဏ်အများဆုံးခံစားရသည့်နိုင်ငံ ဖြစ်သည့်အတွက် သဘာဝဘေးဒဏ်နှင့်ပတ်သက်၍ကြိုတင်ကာကွယ်ခြင်းနှင့် ဘေးကင်းလုံခြုံသည့် လူမှုအသိုက်အဝန်းတည်ဆောက်နိုင်ရေးအတွက် စီမံခန့်ခွဲပေးခြင်းသည် အခြေခံကျသည့် အချက်ပင်ဖြစ်ပါသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှုကြောင့် ရရှိလာသည့် အကျိုးသက်ရောက်မှုများနှင့် သဘာဝဘေးဒဏ်ကျရောက်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန်လည်း လွန်စွာအရေးကြီးလှပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ်တွင် အလွန်ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခြင်း၊ ၂၀၁၅ ခုနှစ်တွင် နိုင်ငံတစ်ဝန်းရေကြီးခြင်းနှင့် ၂၀၁၉ ခုနှစ်တွင် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် ကြီးမားသည့် သဘာဝဘေးဒဏ်ကြီးများနှင့် ရင်ဆိုင်ခဲ့ကြရပါသည်။ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့နှင့် ၁၅ ရက်နေ့တို့တွင် လွန်စွာအင်အားပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့၍ ၁၄၈ ဦး သေဆုံးခဲ့ပြီး ၁၃၂ ဦး ဒဏ်ရာရရှိခဲ့ကာ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများနှင့် ဘာသာရေးအဆောက်အအုံများအပါအဝင် အဆောက်အအုံပေါင်း ၂၇၇၀၁၁ ခု ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် ရခိုင်ပြည်နယ်သို့ အဓိကဝင်ရောက်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုအများဆုံး ဖြစ်ခဲ့ကာ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သို့လည်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ အနည်းငယ်ရှိခဲ့ပါသည်။

### နိုင်ငံတော်မှ ဆိုင်ကလုန်းမုန်တိုင်းမိုခါအား တုံ့ပြန်ဆောင်ရွက်မှု

အစိုးရအနေဖြင့် မုန်တိုင်းမဝင်ရောက်မီကပင် စနစ်တကျကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုနည်းပါးစေရန်နှင့် ထိခိုက်မှုလျော့ချနိုင်ရန်စီမံခန့်ခွဲခဲ့ပါသည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (NDMC) သည် ၂၀၂၃ ခုနှစ် မေလ ၆ ရက်နေ့တွင် အရေးပေါ်အစည်းအဝေးတစ်ရပ်ခေါ်ယူခဲ့ပြီး လုပ်ငန်းကော်မတီ (၁၂) ဖွဲ့နှင့် တပ်မတော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာဆောင်ရွက်ရန် ကဏ္ဍအလိုက် တာဝန်ပေးအပ်ခဲ့ပါသည်။ ၈-၅-၂၀၂၃ ရက်နေ့မှစ၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဗဟိုဌာန (DMC) ကို ဖွင့်လှစ်ပြီး ကြိုတင်ကာကွယ်ရေး၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းရပ်များကို ဆောင်ရွက်လျက်ရှိပါသည်။



၂၀၂၃ ခုနှစ် မေလ ၂၁ ရက်နေ့တွင် အာဆီယံနိုင်ငံများမှပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများ လွှဲပြောင်းလက်ခံစဉ်။

မြန်မာအစိုးရသည် ဘေးဒဏ်သင့်ဒေသများကို "မူလအခြေအနေထက် ပိုမိုကောင်းမွန်စေရန်" ဆိုသည့်မူဖြင့် မြန်မြန်ဆန်ဆန်တုံ့ပြန်နိုင်ရန် ဘဏ္ဍာငွေခွဲဝေချထားရေး၊ ပြန်လည်ထူထောင်ရေး စသည့်လုပ်ငန်းများကို မမိုတ်မသုန်ဆောင်ရွက်လျက်ရှိမှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသများအား မူလထက်ပိုမိုကောင်းမွန်သည့် ပြန်လည်တည်ဆောက်ပြီးမှုအခြေအနေကို မျက်ဝါးထင်ထင်မြင်တွေ့နိုင်ပြီဖြစ်ပါသည်။ ၃၁-၇-၂၀၂၃ ရက်နေ့၌ ကျန်းမာရေးဆိုင်ရာကဏ္ဍတွင် အဆောက်အအုံပြင်ဆင်ဆောင်ရွက်ပြီးစီးမှု ၉၀ ရာခိုင်နှုန်း၊ ပညာရေးကဏ္ဍတွင် အခြေခံပညာအဆင့်ကျောင်းများ ၉၅ ရာခိုင်နှုန်းနှင့် အဆင့်မြင့်ပညာအဆင့်ကျောင်းများ ၉၅ ရာခိုင်နှုန်းတို့ အသီးသီးတည်ဆောက်ပြီးစီးဆောင်ရွက်နိုင်ခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အား ပြန်လည်အသုံးပြုနိုင်မှုအခြေအနေမှာ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မင်းပြား၊ ရသေ့တောင်နှင့် ပေါက်တောမြို့နယ်များတွင် ၁၀၀ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်ပေးနိုင်သကဲ့သို့ မိုဘိုင်းဆက်သွယ်ရေးရရှိမှုအခြေအနေ ၉၉ ဒသမ ၈၂ ရာခိုင်နှုန်း ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

### အာဆီယံမှ တုံ့ပြန်ဆောင်ရွက်မှု

မြန်မာနိုင်ငံသို့ ဆိုင်ကလုန်းမုန်တိုင်းမိုခါ မဝင်ရောက်မီ နှစ်ရက်အလိုမှစတင်၍ အာဆီယံမှ "တစ်ခုတည်းသောအာဆီယံ တစ်ခုတည်းသောတုံ့ပြန်မှု"မူဝါဒနှင့်အညီ ပြင်ဆင်ဆောင်ရွက်မှုများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး ညှိနှိုင်းမှုဌာန(အာဟာစင်တာ)တို့အကြား အစည်းအဝေးတစ်ရပ်ကို ၁၂-၅-၂၀၂၃ ရက်နေ့တွင် စီစဉ်ခဲ့ပါသည်။

ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးသည် အာဆီယံ၏ဦးစားပေးအစီအစဉ်များအနက် တစ်ခုအပါအဝင်ဖြစ်သောကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် သဘာဝဘေးဒဏ်ကို စုပေါင်းအင်အားဖြင့် တွန်းလှန်ရန်အတွက် အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အာဆီယံသဘောတူစာချုပ် (AADMER) ကို အတည်ပြုခဲ့ပါသည်။

မြန်မာအစိုးရအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ ထိခိုက်ခံစားရသည့် လူမှုအသိုက်အဝန်းအား ကူညီသည့် မည်သည့်အဖွဲ့အစည်း၊ မည်သည့်လုပ်ငန်းကိုမဆို ပူးပေါင်းလက်တွဲလုပ်ဆောင်ရန် ကြိုဆိုလျက်ရှိပါသည်။ မြန်မာနိုင်ငံသို့ ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှု ဖြစ်ပေါ်လာသည့်အချိန်တွင်လည်း အာဆီယံပြည်သူများထံမှ အကူအညီများကို မုန်တိုင်းဒဏ်သင့်မြန်မာပြည်သူများထံသို့ တတ်နိုင်သမျှ အစောဆုံးပေးအပ်နိုင်ရေးအတွက် အာဆီယံကိုယ်စား အာဟာစင်တာက ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အာဟာစင်တာသည် မလေးရှားနိုင်ငံရှိ အာဆီယံအရေးပေါ်ထောက်ပံ့မှုစနစ် (DELSA) မှ ကယ်ဆယ်ရေးပစ္စည်းများကို မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းတို့မှတစ်ဆင့် အမြန်ဆုံးပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

စာမျက်နှာ ၈ သို့ ✾

❛ မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဆိုင်ကလုန်း နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက်ပိုင်း မိုခါသည် ဒုတိယအကြိမ် အားပြင်းသောမုန်တိုင်းအဖြစ် မြန်မာနိုင်ငံသို့ တိုက်ခတ်ခဲ့ခြင်းဖြစ်ပါသည်။ ဆိုင်ကလုန်းမုန်တိုင်းနာဂစ်တိုက်ခတ်ခဲ့စဉ်က အာဆီယံအနေဖြင့် ဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေးတို့ကို ထိရောက်စွာလုပ်ဆောင်ခဲ့ပါသည်။ အာဆီယံအနေဖြင့် နာဂစ်မုန်တိုင်းကရရှိခဲ့သည့် သင်ခန်းစာများကို နမူနာယူ၍ အာဆီယံဦးဆောင်သည့် ပူးပေါင်းဆောင်ရွက်ရေးယန္တရားတစ်ခုဖြစ်သည့် အာဟာစင်တာကို ၂၀၁၁ ခုနှစ် မေလတွင် ထူထောင်ခဲ့ပါသည်။ အာဟာစင်တာသည် လက်ရှိအချိန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်လျင်မြန်စွာဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ဆောင်ရွက်နိုင်ခြင်းသည် အာဆီယံ၏ (၅၆) နှစ်ခရီးအတွင်း အမှတ်ထင်ထင်ရှိသည့် အောင်မြင်မှုတစ်ရပ်၊ ထူးခြားသည့်မှတ်တိုင်တစ်ခုဖြစ်လာခဲ့ ❜



၂၀၂၃ ခုနှစ် မေလ ၁၂ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးညှိနှိုင်းမှုဌာန (အာဟာစင်တာ) တို့ အစည်းအဝေး တစ်ရပ်ပြုလုပ်စဉ်။




ASEAN-ERAT အဖွဲ့က မေ ၂၂ ရက်မှ ၂၅ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ရသေ့တောင်မြို့၊ ပုဏ္ဏားကျွန်းမြို့နှင့် ကျောက်တော်မြို့သို့ ကွင်းဆင်းစစ်တမ်းကောက်ယူစဉ်။

# မုံရွာမြို့၌ အခြေခံ/အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် (၃/၂၀၂၃) သင်တန်းဆင်းပွဲ ကျင်းပ

မုံရွာ ဩဂုတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ အခြေခံ/အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၃/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခြေခံ/အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၃/၂၀၂၃) တွင် သင်တန်းထူးချွန်ကျောင်းသူ နှစ်ဦးအား စက်ချုပ်စက်များပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များအားလည်းကောင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က သင်တန်းနည်းပြများထံ ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းခန်းမအတွင်း ပြသထားသော သင်တန်းသူများကိုယ်တိုင် ချုပ်လုပ်ထားသည့် အဝတ်အထည်များအား လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အခြေခံ/ အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၃/၂၀၂၃) သင်တန်းသို့ သင်တန်းသူ စုစုပေါင်း ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်အကြို လေ့ကျင့်ရေးသင်တန်း (၁/၂၀၂၃) ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်အကြိုလေ့ကျင့်ရေးသင်တန်း (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စတင်တာဝန်ထမ်းဆောင်ကြမည့် ဒုတိယဦးစီးမှူးများအား ဦးစီးဌာန၏ မူဝါဒနှင့် အခန်းကဏ္ဍ၊ ရည်မှန်းချက်တာဝန်များ၊ နိုင်ငံ့ဝန်ထမ်းများ လိုက်နာကျင့်သုံးရမည့် ဥပဒေ၊ နည်းဥပဒေများ၊ ကျင့်ဝတ်များနှင့် ဒုတိယဦးစီးမှူးများ၏ လုပ်ငန်းတာဝန်များကို သိရှိလိုက်နာပြီး ဌာန၏ လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် လုပ်ငန်းခွင်အကြိုလေ့ကျင့်ရေးသင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊

သင်တန်းတွင် လုပ်ငန်းဆိုင်ရာဘာသာရပ်များကို စတင်သင်ကြားရခြင်းဖြစ်သော်လည်း လက်တွေ့လုပ်ငန်းတွင် အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းဘာသာရပ်များဖြစ်၍ ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူပြီး မိမိတို့၏ တစ်ဦးချင်းစွမ်းဆောင်ရည်များ တိုးတက်လာစေရေးအတွက် လုပ်ငန်းတာဝန်များ ထမ်းဆောင်မှုနှင့်အတူ စဉ်ဆက်မပြတ် လေ့လာကြရမည်ဖြစ်ကြောင်း၊

လုပ်ငန်းခွင်အကြို လေ့ကျင့်ရေးသင်တန်းတွင် သင်ကြားပေးမည့် ဘာသာရပ်များသာမက ပိုမိုကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကိုလည်း အမြဲလေ့လာသင်ယူ၍ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စေရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းစည်းကမ်းများကို တိကျစွာ လိုက်နာကြပြီး သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ အောင်မြင်အောင် ကြိုးစားသင်ယူကြ၍ လက်တွေ့လုပ်ငန်းများတွင် အကျိုးရှိရှိပြန်လည်အသုံးချနိုင်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ယခုဖွင့်လှစ်သည့် လုပ်ငန်းခွင်အကြိုလေ့ကျင့်ရေးသင်တန်းကို ဩဂုတ် ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းနည်းပြများက ဦးစီးဌာန၏ မူဝါဒနှင့် အခန်းကဏ္ဍ၊ ရည်မှန်းချက်တာဝန်များ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ရုံးလုပ်ငန်းလက်စွဲ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ငွေစာရင်းထိန်းသိမ်းနည်း၊ စာကြည့်တိုက်လုပ်ငန်းများစီမံခန့်ခွဲရေး၊ Digital Library Management System (DLMS) အသုံးပြုနည်း၊ သတင်းအမှန်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရေး လျင်မြန်စွာထုတ်ပြန်နိုင်စေရန်နှင့် မီဒီယာကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် သတင်းအပြန်အလှန်စီးဆင်းရေး၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု(MIL)၊ လူမှုမီဒီယာ (Social Media) သိကောင်းစရာများ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း၊ သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေနှင့် ပြည်သူ့ဆက်ဆံရေး ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

✻ စာမျက်နှာ ၇ မှ

လက်ရှိအချိန်အထိ အာဆီယံမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်း တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို ၁၀ ကြိမ်ခွဲ၍ မြန်မာနိုင်ငံသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါကယ်ဆယ်ရေးပစ္စည်းများတွင် အစားအစာမဟုတ်သည့် ယာယီနေထိုင်ရေးနှင့်ဆိုင်သော ဆက်စပ်ပစ္စည်းများ၊ ရေသန့်စက်များ၊ မိသားစုသုံးပစ္စည်းများနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ ပါဝင်ပြီး ၎င်းတို့ကို မုန်တိုင်းဒဏ်သင့်သူများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

ထို့ပြင် အာဟစင်တာသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအား လိုအပ်သည်များ ကူညီဆက်သွယ်ဆောင်ရွက်ရန်အတွက် ဝန်ထမ်းလေးဦးပါဝင်သော In-Country Liaison Team ကို မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့ပါသည်။ ထို့အတူ သတင်းအချက်အလက်များ ဖလှယ်နိုင်ရေးအတွက် အွန်လိုင်းဆက်သွယ်ရေးလမ်းကြောင်းကို ဖွင့်လှစ်ခဲ့ပါသည်။ အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN- ERAT) ကို ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်းနှင့် ကျောက်တော်မြို့နယ်တို့သို့ စေလွှတ်ပြီး ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာမှုများအား ၂၁-၅-၂၀၂၃ ရက်နေ့မှ ၂၆-၅-၂၀၂၃ ရက်နေ့အထိ အောင်မြင်စွာလုပ်ဆောင်ခဲ့ပါသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်သည့် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ (၁/၂၀၂၃)ညှိနှိုင်းအစည်းအဝေးကို မေ ၉ ရက်က ကျင်းပစဉ်။

ဘေးဒဏ်သင့်ဒေသများကို ထိရောက်သည့် တုံ့ပြန်မှုများဆောင်ရွက်ရန် အာဆီယံအတွင်းရေးမှူးချုပ်အား အာဆီယံလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးအပ်ရေး ညှိနှိုင်းရေးမှူးတာဝန်ကို မြန်မာနိုင်ငံကအတည်ပြုခဲ့ပြီး အတွင်းရေးမှူးချုပ်အနေဖြင့် ရန်ပုံငွေရှာဖွေရေးနှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဆိုင်ကလုန်းနာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက်ပိုင်း မိုခါသည် ဒုတိယအကြိမ်အားပြင်းသောမုန်တိုင်းအဖြစ် မြန်မာနိုင်ငံသို့ တိုက်ခတ်ခဲ့ခြင်းဖြစ်ပါသည်။ ဆိုင်ကလုန်းမုန်တိုင်းနာဂစ်တိုက်ခတ်ခဲ့စဉ်က အာဆီယံအနေဖြင့် ဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာမှု အကူအညီများပေးအပ်ရေးတို့ကို ထိရောက်စွာ လုပ်ဆောင်ခဲ့ပါသည်။ အာဆီယံအနေဖြင့် နာဂစ်မုန်တိုင်းကရရှိခဲ့သည့် သင်ခန်းစာများကို နမူနာယူ၍ အာဆီယံဦးဆောင်သည့် ပူးပေါင်းဆောင်ရွက်ရေးယန္တရားတစ်ခုဖြစ်သည့် အာဟစင်တာကို ၂၀၁၁ ခုနှစ် မေလတွင် ထူထောင်ခဲ့ပါသည်။ အာဟစင်တာသည် လက်ရှိအချိန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်လျင်မြန်စွာဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည် အာဆီယံ၏ (၅၆) နှစ်ခရီးအတွင်း အမှတ်ထင်ထင်ရှိသည့် အောင်မြင်မှုတစ်ရပ်၊ ထူးခြားသည့်မှတ်တိုင်တစ်ခု ဖြစ်လာခဲ့ပါသည်။

အာဆီယံဒေသသည် သဘာဝဘေးဒဏ် ခံစားရမှု အများဆုံးဒေသတစ်ခုဖြစ်သော်လည်း ထိုသို့ခံစားရမှုများကပင် အာဆီယံ၏ပေါင်းစည်းသည့်အင်အား၊ ဘေးအန္တရာယ်ခံနိုင်ရည်ရှိမှုတို့ကို ပိုမိုကြံ့ခိုင်လာစေပြီး **“တစ်ခုတည်းသောအာဆီယံ တစ်ခုတည်းသောတုံ့ပြန်မှု”** စိတ်ဓာတ်ဖြင့် အာဆီယံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ပိုမိုကာကွယ်လာနိုင်စေခဲ့ပါသည်။

အာဆီယံအနေဖြင့် မြန်မာပြည်သူများနှင့်အတူ အခက်အခဲများ၊ စိန်ခေါ်မှုများကို အတူတကွရင်ဆိုင်ဖြေရှင်းရန် ရပ်တည်ပြီး ဆိုင်ကလုန်းဒဏ်သင့်ပြည်သူများအတွက် အာဟစင်တာမှတစ်ဆင့် ကူညီမှုများဆောင်ရွက်ပေးခဲ့သည့်အတွက် မြန်မာပြည်သူတစ်ဦးအနေဖြင့် များစွာကျေးဇူးတင်ဝမ်းသာမိပါကြောင်းကို ယနေ့ကျရောက်သည့် (၅၆)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ်အဖြစ် ဤဆောင်းပါးဖြင့် ဂုဏ်ပြုဖော်ပြအပ်ပါသည်။ ။

■

# ရှေ့သို့လှမ်းချီ - အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝသစ်ဆီ

ဒေါက်တာနန္ဒာမွန်း

**“လုံခြုံလုပဘဝများ – အမျိုးသမီးနှင့် ကလေးတိုင်းရစေသား”** ဟူသောဆောင်ပုဒ်ဖြင့် မေတ္တာတရားရှေ့ထား၍ ဆောင်ရွက်လာကြသော မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းသည် ပြည်သူအကျိုးပြုလူမှုရေးလုပ်ငန်းများ တက်ညီလက်ညီ လျှောက်လှမ်းလာခဲ့သည်မှာ ၁၀ နှစ်တာခရီးရောက်ရှိလာခဲ့ပေပြီ။

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း(MWCDF)ကို အရေးပါသော ပြည်သူလူထုအခြေပြုအဖွဲ့အစည်းအဖြစ် အားကောင်းစွာ ပါဝင်ဆောင်ရွက်နိုင်ရန်၊ အများပြည်သူအကျိုးအတွက် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ် မေလ ၁၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတကာအသိအမှတ်ပြု လူမှုအဖွဲ့အစည်းတစ်ခုအဖြစ်ရပ်တည်နိုင်ရန် ရည်ရွယ်ချက်ထား၍ ဆောင်ရွက်ရာတွင် –

(က) အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ခ) မြို့ပေါ်နှင့် ကျေးလက်ဒေသနေ စောင့်ရှောက်ထောက်ပံ့မှုပေးရန် လိုအပ်လျက်ရှိသော ခိုကိုးရာမဲ့အမျိုးသမီးများနှင့် ကလေးသူငယ်များ၊ ကယ်ဆယ်ရေးစခန်းများမှ မိသားစုများ၊ ကိုယ်လက်အင်္ဂါချို့ယွင်းသူ အမျိုးသမီးများနှင့် ကလေးသူငယ်များအား ဦးစားပေးဦးတည်အုပ်စုသတ်မှတ်လျက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ထောက်ပံ့မှုပေးခြင်းများဆောင်ရွက်ရန်၊

(ဂ) ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဒေသများရှိ အမျိုးသမီးနှင့် ကလေးသူငယ်များ၏ ဘဝမြှင့်တင်ပေးရန်၊

(ဃ) အသိပညာ မြင့်မားတိုးတက်ရေးအတွက် တတ်သိပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်း၊ အသုံးချပညာရပ်ဖြင့် ဘဝရပ်တည်နိုင်ရေး ဆောင်ရွက်ပေးရန်တို့ပါဝင်ပါသည်။

**မျှော်မှန်းချက်**အဖြစ် “မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များအားလုံး လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွင်း အေးချမ်းပျော်ရွှင်သောဘဝများ ရရှိကြစေရန်”ဟူ၍သတ်မှတ်ထားပါသည်။

အဆိုပါ မျှော်မှန်းချက် အကောင်အထည်ဖော်ရန် လုပ်ငန်းတာဝန်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဦးစားပေးအဖြစ် ဘဝမြှင့်တင်ရန် လိုအပ်ချက်ရှိသော အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် ခွဲခြားဆက်ဆံမှုမရှိဘဲ တန်းတူရည်တူ အခွင့်အရေးများ ရရှိစေရေး ထောက်ပံ့ကူညီပေးရန်၊ ရည်ရွယ်ချက်တူမိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန်ဟူ၍လည်း သတ်မှတ်ထားပါသည်။



ထို့အပြင် အောက်ပါအတိုင်း လုပ်ငန်းစဉ်များကိုလည်းဆောင်ရွက်သွားရန် ချမှတ်ထားပါသည်–

(က) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘဝတစ်သက်တာဖူလုံမှုကို လိုအပ်သော အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်ရန်၊

(ခ) အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် လူမှုအသိုင်းအဝိုင်းက ခွဲခြားဆက်ဆံမှု မပြုရန်နှင့် မိမိတို့ ခံစားခွင့်ရှိသော အခွင့်အရေးများကို အပြည့်အဝခံစားခွင့်ရရေး အလေးထားဆောင်ရွက်သွားရန်၊

(ဂ) အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထိရောက်ဆုံး ပံ့ပိုးကူညီနိုင်ရန်အတွက် ရည်ရွယ်ချက်ချင်း တူညီသော အခြားပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ဆက်သွယ်ဆောင်ရွက်သွားရန်။

အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကိုလေ့လာပါက–

(၁) အမျိုးသမီးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊

(၂) ကလေးသူငယ်များ၏ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊

(၃) ကျန်းမာရေးစောင့်ရှောက်မှု၊

(၄) ဒေသဖွံ့ဖြိုးရေး၊

(၅) တတ်သိပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊

(၆) သဘာဝဘေးဒဏ်ခံစားရသော ဒေသများသို့ အရေးပေါ်ကူညီထောက်ပံ့ခြင်း၊

(၇) မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဟူ၍ လုပ်ငန်းတာဝန် (၇)ရပ် ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရန်အတွက် ဦးစားပေး ဦးတည်အုပ်စုများကို သတ်မှတ်ထားရာ အဓိကအဖြစ် အောက်ပါအုပ်စုများ ပါဝင်ပေသည် –

(၁) စောင့်ရှောက်ထောက်ပံ့မှုပေးရန် လိုအပ်လျက်ရှိသော ခိုကိုးရာမဲ့အမျိုးသမီးများနှင့် ကလေးသူငယ်များ၊

(၂) ကယ်ဆယ်ရေးစခန်းများမှ သဘာဝဘေးဒဏ်ခံ မိသားစုများ၊

(၃) ကိုယ်လက်အင်္ဂါချို့ယွင်းသူ အမျိုးသမီးများနှင့် ကလေးသူငယ်များ၊

(၄) ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဒေသများရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ။

အဆိုပါ ဦးတည်အုပ်စုများအတွက် ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများတွင် စာသင်ကျောင်းများနှင့် မူကြိုကျောင်းများ ဆောက်လုပ်လှူဒါန်းခြင်း၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခြင်း၊ မိသားစုအခက်အခဲကြောင့် ကျောင်းမတက်ရောက်နိုင်သော ကလေးသူငယ်များအား မြို့နယ်၊ ကျေးရွာအဖွဲ့က ကျောင်းတက်နိုင်ရေး ကူညီပေးခြင်း၊ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ၊ အာဟာရဆိုင်ရာပညာပေးခြင်းနှင့် အစားအသောက်များပံ့ပိုးခြင်း၊ မသန်စွမ်းသူများအား ကူညီထောက်ပံ့ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆိုလာနည်းဖြင့် မီးရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်း၊ ကျေးရွာရေရရှိရေးအတွက် သောက်သုံးရေခက်ခဲသော ကျေးရွာများကို ကူညီဆောင်ရွက်ပေးခြင်းတို့အပြင် သင်တန်းများလည်း ဖွင့်လှစ်သင်ကြားပေးရာ လူငယ်ခေါင်းဆောင်မှုနှင့် ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ရေး၊ အင်္ဂလိပ်စာ၊ အိမ်တွင်းမှု စသောသင်တန်းများကိုလည်း သင်ကြားပေးလျက်ရှိပါသည်။

အသင်းတည်ထောင်သည့် (၁၀) နှစ်အတွင်း ထူးခြားစွာဆောင်ရွက်နိုင်ခဲ့သည့် သမိုင်းမှတ်တိုင်များအနက် နှစ်ခုကိုရွေးချယ်ဖော်ပြရပါက

(က) ဆိုလာဖြင့် မီးရရှိရေးစီမံကိန်း (Solar Ma Ma Project)၊

(ခ) ကောင်းမွန်စွာဆက်ဆံခြင်းစီမံကိန်း(Good Treatment Project) တို့ကို ဖော်ပြလိုပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆိုလာဖြင့် မီးရရှိအောင် ဆောင်ရွက်ပေးခြင်း**

ဆိုလာဖြင့် မီးရရှိရေးစီမံကိန်းကို (Solar Ma Ma Project) ဟု အသိများပါသည်။ အဆိုပါစီမံကိန်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မီးရရှိရေးကို ကျေးရွာရှိအမျိုးသမီးများကို လေ့ကျင့်ပေး၍ မီးရရှိရန် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မီးရရှိမှုသည် အဓိကကျပါသည်။ နိုင်ငံတွင်းရှိ ပြည်သူများ လူနေမှုအဆင့်မြင့်မားလာစေရန် စွမ်းဆောင်ရာတွင် မီးရရှိမှုသည် လွန်စွာလိုအပ်လှပါသည်။

လျှပ်စစ်မီးလုံးဝမရရှိဘဲ သွားလာရန် ခက်ခဲသောဒေသများတွင် ဆိုလာဖြင့် မီးရရှိရေးစီမံချက်သည် ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ကျေးလက်ဒေသလူနေမှုဘဝအပေါ်၊ အရည်အသွေးအပေါ် အပြုသဘောသက်ရောက်မှုများအတွက် သိသာစေခဲ့ပါသည်။ ဤအစီအစဉ်ကို မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF)၊ အိန္ဒိယနိုင်ငံ Barefoot College နှင့် မြန်မာနိုင်ငံ အိန္ဒိယသံရုံးတို့ ပူးပေါင်း၍ ၂၀၁၄ ခုနှစ်တွင် နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုး၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော စီမံကိန်းဖြစ်ပါသည်။

ကျေးရွာများမှ အသက်(၄၀)အထက် အမျိုးသမီးကြီးများအား အိန္ဒိယနိုင်ငံ Barefoot College သို့စေလွှတ်ခဲ့ပြီး သင်တန်းကာလခြောက်လကို နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး သင်တန်းများအား လေ့ကျင့်သင်ကြားပေးပြီး မိမိတို့ကျေးရွာများရှိ အိမ်ထောင်စုအားလုံးကို ဆိုလာဖြင့် မီးရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ရေရှည်အသုံးပြုနိုင်စေရန်အတွက်လည်း လူထုပူးပေါင်းပါဝင်သောစနစ်ကို လုပ်ဆောင်ပေးနိုင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် WWF Myanmar နှင့် EEP မဲခေါင်တို့ပူးပေါင်း၍ အစီအစဉ်များကို တိုးချဲ့ကာ ဆိုလာပြားများ၊ ဘက်ထရီများ၊ မီးအိမ်များရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မွန်ပြည်နယ်၊ ပဲခူးတိုင်း ထုံးတောင်ရွာ၊ သံတောင်ကြီးမြို့နယ်၊ ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့မှ အသက်(၄၀)အထက် အမျိုးသမီးကြီး စုစုပေါင်း ၃၂ ဦး စေလွှတ်ပညာသင်ယူခဲ့ပြီး ကျေးရွာ ၂၁ ရွာ၊ အိမ်ခြေပေါင်း ၂၀၃၆ အိမ်ကို ဆိုလာမီးများ တပ်ဆင်ပေးနိုင်ခဲ့ပြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ယခုအခါ ကိုဗစ် – ၁၉ ရောဂါပြန့်ပွားမှုနည်းပါးလာသည့်အတွက် ၂၀၂၃ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ Barefoot College နှင့် ထပ်မံချိတ်ဆက်ပြီးဖြစ်ပါသည်။ ကျေးရွာများ၊ ပြည်နယ်/ တိုင်းဒေသကြီးများရှိ မီးလုံးဝရရှိရန် ခက်ခဲသော မြို့နယ်၊ ကျေးရွာများကို Pilot စနစ်ဖြင့် ကွင်းဆင်းကာ စနစ်တကျရွေးချယ်ပြီး သင်တန်းပြန်လည်စေလွှတ်ရေးကို ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ဆိုလာတပ်ဆင်ပြီးသော ရွာများကိုလည်း ခြောက်လတစ်ကြိမ်ကွင်းဆင်းပြီး ဆိုလာမီးရရှိမှုအခြေအနေ၊ ဘက်ထရီအိုးများ စာမျက်နှာ ၁၁ သို့ ▼

**“လျှပ်စစ်မီးလုံးဝမရရှိဘဲ သွားလာရန်ခက်ခဲသောဒေသများတွင် ဆိုလာဖြင့် မီးရရှိရေးစီမံချက်သည် ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ကျေးလက်ဒေသ လူနေမှုဘဝအပေါ်၊ အရည်အသွေးအပေါ် အပြုသဘောသက်ရောက်မှုများအတွက် သိသာစေခဲ့ပါသည်။ ဤအစီအစဉ်ကို မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF)၊ အိန္ဒိယနိုင်ငံ Barefoot College နှင့် မြန်မာနိုင်ငံ အိန္ဒိယသံရုံးတို့ပူးပေါင်း၍ ၂၀၁၄ ခုနှစ်တွင် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စီမံကိန်းဖြစ်”**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

ရန်ကုန် ဩဂုတ် ၇

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ၊ ဆန်စပါးပို့ကုန်ကုမ္ပဏီများ၊ ဆန်စက်များ၊ ဆန်ကုန်သည်များ စုပေါင်း၍ ၂၀၂၃ ခုနှစ်ဩဂုတ်နှင့်စက်တင်ဘာလများတွင် ဆန်ဈေးနှုန်းတည်ငြိမ်စေရန်နှင့် အခြေခံပြည်သူများအတွက် သက်သာသောဈေးဖြင့် အရည်အသွေးမှန်သောဆန်များ ရောင်းချပေးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လက်လီဆန်အရောင်းဆိုင်များကိုလည်း တစ်ဆိုင်လျှင် ဧည့်မထ ဆန်အိတ်အကြီး ၅၀ နှုန်းဖြင့် နှစ်ပတ်လျှင် တစ်ကြိမ် စနစ်တကျ စာရင်းပြုစုပြီး ဖြန့်ဝေရောင်းချရန် စီစဉ်သွားမည်ဖြစ်သည်။ အွန်လိုင်းစနစ်ဖြင့် Registration ဆောင်ရွက်ကာ Kpay ဖြင့် ငွေပေးချေပြီး Delivery အရောက်ပို့စနစ်ကိုပါ စီစဉ်ဆောင်ရွက်နေဆဲဖြစ်သည်။

**ရောင်းချသွားမည်**

အကြံပြုချက် တောင်းဆိုမှုများအရ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ ဒဂုံမြို့သစ် (တောင်ပိုင်းနှင့် မြောက်ပိုင်း)မြို့နယ်များ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ဒလ၊ တွံတေး၊ မှော်ဘီ၊ မင်္ဂလာဒုံမြို့နယ်များတွင် အရောင်းဆိုင်သတ်မှတ်ခြင်း၊ ကားဖြင့်လှည့်လည်ရောင်းချခြင်းများကိုလည်း မကြာမီစတင်နိုင်ရန်ဆောင်ရွက်လျက်ရှိသည်။ သက်သာသောဈေးနှုန်းများဖြင့် ပေါ်ဆန်း၊ ဧည့်မထဆန်မျိုးစုံ ရောင်းချမှုကို ဩဂုတ် ၇ ရက်မှစတင်ပြီး လမ်းမတော် ဝါးတန်းဆန်စပါးကုန်စည်ဒိုင်နှင့် ဘုရင့်နောင် ဆန်စပါးကုန်စည်ဒိုင်တို့တွင် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

ဆန်စပါးအသင်းချုပ်မှ ၂၀၂၃ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သော ရောင်းချမည့် ဧည့်မထဆန်အိတ်ရေ ၅၀၀၀၀ အပြင် ထပ်မံ၍ ဧည့်မထ(ရက် ၉၀) စသည့် ဆန်အိတ်ရေ ၁၀၀၀၀၀ နှင့် ပေါ်ဆန်းမျိုးစုံ အိတ်ရေ ၂၀၀၀၀ စုစုပေါင်းဆန်မျိုးစုံအိတ်ကြီး (၂၄ ပြည်)ဆန်အိတ်ရေ ၁၇၀၀၀၀ ကို ဩဂုတ်လအတွင်းဈေးကွက်အတွင်းထုတ်၍ ရောင်းချပေးသွားမည်ဖြစ်သည်။ လိုအပ်ပါက ထပ်မံ၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၇၄ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၇-၈-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၈-၂၀၂၃) ရက်နေ့ ည (၈:၀၀)နာရီမှ (၇-၈-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၇၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၁၆ ရာခိုင်နှုန်းရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၅၇,၇၁၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၀၉၇)ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၈၉၀) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မိုးညှင်းမြို့၌ အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်

မိုးညှင်း ဩဂုတ် ၇

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်ကြင်းကုန်း ကျေးရွာတွင် လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိစေရန်အတွက် အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းကို ယနေ့နံနက် ၁၀ နာရီခွဲက အင်ကြင်းမြေခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



**ရည်ရွယ်ဖွင့်လှစ်**

ဦးစွာ သင်တန်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်က အမှာစကားပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်မြင့်က အမျိုးသမီးများနှင့် လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ပြည်သူများ ဝင်ငွေတိုးပွားစေရန်နှင့် အသေးစားကုန်ထုတ် လုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးရွာကော်မတီအဖွဲ့ခေါင်းဆောင်အား စီမံကိန်းလုပ်ငန်း တာဝန်များကိုလည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ခိုင်ကိုကသင်ထောက်ကူ ပစ္စည်းများကိုလည်းကောင်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ကုန်ကြမ်းပစ္စည်းများကို လည်းကောင်း ပေးအပ်ခဲ့သည်။

**အဓိကထား သင်ကြားပေးသွားမည်**

ထို့နောက် သင်တန်းတွင် သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး အခြေခံစက်ချုပ်နည်းပညာသင်တန်းတွင် လုံချည်ချုပ်နည်း၊ ချိတ်စကတ်၊ သုံးလွှာ၊ လေးလွှာအပြင် ရင်စေ့၊ ရင်ဖုံး၊ နောက်ကွဲ၊ သဘော်သားအင်္ကျီနှင့် ကလေးဂါဝန်တို့ကို အဓိကထားသင်ကြားပေးသွားမည် ဖြစ်ကြောင်းနှင့် မွမ်းမံစက်ချုပ်သင်တန်းတွင် ရင်ဖုံး၊ ရင်စေ့နှင့် နောက်ကွဲအင်္ကျီများကို No bara ထည့်ချုပ်နည်းအပြင် ရှပ်အင်္ကျီ(လက်တို/ရှည်)စသည့် ပညာရပ်များကို သင်ကြားသွားမည်ဖြစ်ရာ အခြေခံတွင် တစ်လနှင့် မွမ်းမံသင်တန်းတွင် ၁၅ ရက် စုစုပေါင်း ၄၅ ရက်ကြာ ကျွမ်းကျင်ဆရာမ နှစ်ဦးက စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်တက္ကသိုလ်၌ ရှေးဦးသူနာပြုစုခြင်းသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ပြည် ဩဂုတ် ၇

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ် ကြက်ခြေနီအသင်း(ခွဲ)၏ ရှေးဦးသူနာပြုစုခြင်းသင်တန်း (၂/၂၀၂၃)သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ပြည်တက္ကသိုလ် သီရိရတနာခန်းမ ဆောင်၌ ကျင်းပသည်။

ဦးစွာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ပြည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်သက်ထွန်းက သင်တန်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီအဖွဲ့ဝင်တစ်ဦးက သင်တန်း၏ အကျိုးကျေးဇူးများအကြောင်းကို ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကာ သင်တန်းသားများအတွက် သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၄ ရက်မှ ၇ ရက်အထိ လေးရက်ကြာဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၅၀ တက်ရောက်ပြီး သင်တန်းတွင် ခရိုင်နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်နည်းပြဆရာများက "အရေးပေါ်ပြုစုနည်း၊ ရုတ်တရက်အသက်ရှုရပ်လျှင်ပြုစုကုသပေးနည်း၊ accident လူနာတွေ့လျှင် အရေးပေါ်ပြုစုနည်း၊ ရေနစ်လူနာကို အရေးပေါ်ပြုစုပေးနည်း၊ သွေးထွက်လွန်လူနာကို



သွေးထိန်းပတ်တီးစည်းပေးနည်း၊ အရိုးကျိုးလူနာ/အရိုးကျိုးဒဏ်ရာ အရေးပေါ်ဖြေရှင်းကုသပေးနည်း စသည့် ရှေးဦးသူနာပြုစုခြင်းနည်းပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

▼ စာမျက်နှာ ၁၀ မှ

ကောင်း၊ မကောင်း၊ ဆိုလာပြားများပျက်စီးပါက ပြန်လည်ပြင်ဆင်နိုင်အောင် ဆောင်ရွက်ခြင်းကို ဆက်လက်လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့သော ဤစီမံကိန်းကြောင့် ကျေးရွာပေါင်း ၁၉ ရွာရှိ အိမ်ခြေပေါင်း ၂၂၂၉ ရွာ(လူဦးရေပေါင်း ၁၇၇၉ ဦး)မှ ၃၂ ဦးကို အောင်မြင်စွာ လေ့ကျင့်သင်ကြားပေးနိုင်ခဲ့လေပြီ။

**ကောင်းမွန်စွာဆက်ဆံခြင်းစီမံကိန်း**

**(Good Treatment Project)**

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF) သည် **ကောင်းမွန်စွာဆက်ဆံခြင်းမှ ပြောင်းလဲမှုတစ်ရပ်ဆီသို့** ပြောင်းလဲရန် အောက်ပါရည်ရွယ်ချက်များ ချထားပါသည်-

- ကလေးများ၏ လူမှုပတ်ဝန်းကျင်တွင် နွေးထွေးလုံခြုံသော ပေါင်းသင်းဆက်ဆံမှုများထွန်းကားလာရန်၊
- ကလေးများ၏ရင်တွင်းဖြစ်ပေါ်တတ်သည့် ခံစားချက်၊ အတွေးအမြင်များကို သိရှိနားလည်လာခြင်းအားဖြင့် လမ်းမှန်ကို အားပေးပြုပြင်ထိန်းကျောင်းပေးနိုင်ရန်၊
- ကလေးများသည် မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းအပါအဝင် လူသားအားလုံးကို လေးစားတန်ဖိုးထားတတ်ရန်၊
- ကလေးများသည် မိမိသင်ယူတွေ့မြင်ဖြတ်သန်းရသည့် အကြောင်းအရာများမှ မှန်ကန်ကောင်းမွန်သောအရာများကို နားလည်တန်ဖိုးထားလုပ်ဆောင်ရန်၊
- ကလေးများသည် မိမိတို့လိုက်နာလုပ်ဆောင်ရမည့်တာဝန်များကို သိရှိနားလည်ပြီး မိမိ၏ပတ်ဝန်းကျင်တွင် ဖြစ်တတ်သော သဘောထားမတိုက်ဆိုင်မှုပဋိပက္ခများကို နားလည်ဖြေလျှော့ဖြေငြိမ်းတတ်ရန်။

ကောင်းမွန်စွာ ဆက်ဆံခြင်းဆိုင်ရာကို လုပ်ငန်းအားဖြင့် (၅)ရပ် သတ်မှတ်ထားပါသည်။ အဆိုပါလုပ်ငန်းများအားလုံးကို ခြုံငုံလေ့လာပါက မေတ္တာတရားကို အခြေခံထားကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ကလေးသူငယ်များ ဘဝတန်ဖိုးသိရန်၊ တာဝန်သိစိတ်ရှိရန်၊ ကောင်းသောဝလေ့စရိုက်များကို ထိန်းသိမ်းတတ်ရန်၊ လူမှုဆက်ဆံရေးနယ်ပယ်တွင် သဘောထားမတိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းတတ်ရန်တို့ကို လူကြီးမိဘများအနေဖြင့် ပြုစုလေ့ကျင့်ပေးနိုင်ရေးကိုအဓိကထားကာပညာပေးလုပ်ဆောင်ပေးသည့် စီမံကိန်းဖြစ်ပါသည်။

အချုပ်ဆိုရသော် မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရသင့်ရထိုက်သော အခွင့်အရေးများကို နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတို့တွင် သာတူညီမျှ ခံစားခွင့်ရရှိနေကြသကဲ့သို့ လူမှုလုံခြုံရေး အပြည့်အဝရရှိစေရန်လည်း အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီးက ကူညီဆောင်ရွက်ပေးနေကြပါသည်။ ထိုသို့ အမျိုးသမီးများ၏ လူမှုဘဝမြှင့်တင်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းကြိုးပမ်းနေကြသည့် အမျိုးသမီးများနှင့်ဆိုင်သော အသင်းများတွင် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF) သည်လည်း အမျိုးသမီးများအတွက်သာမက အနာဂတ်၏ မျိုးဆက်သစ် ကလေးသူငယ်များအတွက်ပါ အားကောင်းစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ဂုဏ်ပြုဖော်ပြလိုက်ရပါသည်။ ။

■

# ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက်(Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒစခန်း ၄၁ ခု (ပုံ-၁)တွင် ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း တိုင်းတာသည့်စခန်း ၄၁ ခုလုံးတွင် မိုးရွာသွန်းခဲ့သဖြင့် မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာလက်ခံရရှိခဲ့သည့် စခန်း ၄၀ တို့တွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး(6.5 – 8.5)အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၄၀ တို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။ (ပုံ-၂)

ပုံ(၁) မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ




ပုံ (၂) ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးပြပုံ




၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၇ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၈ |
| ၃ | မြစ်ကြီးနား | ၆.၈ |
| ၄ | ပူတာအို | ၆.၇ |
| ၅ | ဗန်းမော် | ၆.၇ |
| ၆ | ခန္တီး | ၆.၆ |
| ၇ | လားရှိုး | ၆.၇ |
| ၈ | တောင်ကြီး | ၆.၉ |
| ၉ | မိုင်းဆတ် | ၆.၅ |
| ၁၀ | ကျိုင်းတုံ | ၆.၇ |
| ၁၁ | စစ်ကိုင်း | ၆.၈ |
| ၁၂ | ဟုမ္မလင်း | ၆.၅ |
| ၁၃ | ညောင်ဦး | ၆.၅ |
| ၁၄ | မုံရွာ | ၆.၆ |
| ၁၅ | ပျဉ်းမနား | ၆.၈ |
| ၁၆ | ကသာ | ၆.၆ |
| ၁၇ | ပြင်ဦးလွင် | ၆.၇ |
| ၁၈ | ကလေးဝ | ၆.၆ |
| ၁၉ | ရန်ကုန်(ကမ္ဘာအေး) | ၇.၁ |
| ၂၀ | မှော်ဘီ | ၆.၈ |
| ၂၁ | မကွေး | ၆.၇ |
| ၂၂ | အောင်လံ | ၆.၆ |
| ၂၃ | လှိုင်ကော် | ၆.၉ |
| ၂၄ | စစ်တွေ | ၆.၆ |
| ၂၅ | ကျောက်ဖြူ | ၇.၀ |
| ၂၆ | သံတွဲ | ၆.၇ |
| ၂၇ | ပြည် | ၆.၉ |
| ၂၈ | ပဲခူး | ၆.၉ |
| ၂၉ | တောင်ငူ | ၆.၈ |
| ၃၀ | ပုသိမ် | ၆.၅ |
| ၃၁ | မအူပင် | ၆.၆ |
| ၃၂ | ဟင်္သာတ | ၇.၀ |
| ၃၃ | မော်လမြိုင် | ၇.၀ |
| ၃၄ | ရေး | ၆.၈ |
| ၃၅ | ဘီးလင်း | ၆.၉ |
| ၃၆ | ဘားအံ | ၆.၅ |
| ၃၇ | ကော့ကရိတ် | ၆.၈ |
| ၃၈ | ထားဝယ် | ၆.၉ |
| ၃၉ | မြိတ် | ၆.၆ |
| ၄၀ | ကော့သောင်း | ၇.၀ |

## ဘိုကလေးမြို့နယ်၌ မိုးစပါးထွန်တုံးပိတ်ပွဲ ကျင်းပ

**ဘိုကလေး ဩဂုတ် ၇**

ဧရာဝတီ တိုင်းဒေသကြီး ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာရှိ တောင်သူဦးစံသောင်း၏ ကွင်းအမှတ်(၆၇၀)၊ ဦးပိုင်အမှတ်(၇၂)၊ ဧရိယာ ၇ ဒသမ ၈ ဧကရှိ လယ်ယာမြေကွက်တွင် ယနေ့နံနက် ၈ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနား ကျင်းပသည်။



အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းစိုးဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး ဘိုကလေးမြို့နယ်အနေဖြင့် ယခုနှစ် မိုးစပါးရာသီတွင် ရေတော်မိုးတော် ၂၅၄၅၆၇ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သပြေထွန်း**

## ကျိုက်မရောမြို့နယ်၌ ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချ

**ကျိုက်မရော ဩဂုတ် ၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ၂၀၂၃–၂၀၂၄ ခုနှစ် မိုးစပါးသီးနှံ စိုက်ပျိုးမှုနှင့် မျိုးစေ့ထုတ်စိုက်ပျိုးရေးကဏ္ဍများတွင် လုပ်ကိုင်နေသည့် တောင်သူ ဦးကြီးများ အဆင်ပြေစေရန်အတွက် ယနေ့ နံနက် ၉ နာရီက ကျေးရွာ ၃၁ ရွာမှ တောင်သူ ၃၂၃ ဦးအား ယူရီးယားဓာတ်မြေဩဇာ ၆၆၆ အိတ်နှင့် ရွှေဇီဝသဘာဝမြေဩဇာ ၃၃၃ အိတ် စုစုပေါင်း ၉၉၉ အိတ်ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ မြေဩဇာသိုလှောင်ရုံ၌ ပထမအကြိမ် ဈေးနှုန်းချိုသာစွာ စတင်ဖြန့်ဖြူးပေးခဲ့သည်။

ကျိုက်မရောမြို့နယ်တွင် ဇူလိုင်လကုန်အထိ မိုးစပါးစိုက်ဧက ၃၂၂၂၉ စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ မျိုးစေ့ထုတ်ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြစိုက်ကွက်၊ စမ်းသပ်ကွက်များ စိုက်ပျိုးပြီးစီးသည့် စပါးသီးနှံများ အထွက်နှုန်းကောင်းမွန်စေရန် မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းမှ ထုတ်လုပ်သည့် ယူရီးယားဓာတ်မြေဩဇာတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀ နှုန်းဖြင့် ရွှေဇီဝသဘာဝမြေဩဇာ တစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀ နှုန်းတို့ဖြင့် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ဟွန်မာနက်အား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်အဖြစ် ခန့်အပ်



ဖနောင်ပင် ဩဂုတ် ၇

ဝန်ကြီးချုပ် ဟွန်ဆန်ရာထူးမှ နုတ်ထွက်ကြောင်း ကြေညာခဲ့ပြီးနောက် ကမ္ဘောဒီးယားဘုရင် နိုရာဒွန်ဆီဟာမိုနီသည် ယနေ့တွင် ဟွန်မာနက်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

လာမည့်ငါးနှစ်သက်တမ်းအတွက် ဝန်ကြီးချုပ်သစ်အဖြစ် အသက် ၄၅ နှစ်အရွယ် ဟွန်မာနက်ကို ခန့်အပ်ရန် ဘုရင်နိုရာဒွန်ဆီဟာမိုနီက တော်ဝင်အမိန့်ကို ယနေ့လက်မှတ်ရေးထိုးခဲ့သည်။

"ကမ္ဘောဒီးယားနိုင်ငံရဲ့ ဝန်ကြီးချုပ်အဖြစ်သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်ဟာ ၎င်းရဲ့အစိုးရအဖွဲ့ဝင်တွေကို အမျိုးသားလွှတ်တော်ကနေ ယုံကြည်လက်ခံမှု ရရှိရေး ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း" ဘုရင်ဆီဟာမိုနီက တော်ဝင်အမိန့်တော်တွင် ပြောကြားခဲ့သည်။

"အချစ်ဆုံး အမိမြေနဲ့ ဒီမွန်မြတ်တဲ့ ရာထူးမျိုးမှာ ပြည်သူတွေကို အလုပ်အကျွေးပြု ထမ်းဆောင်ခွင့်ရတဲ့အတွက် မိမိဘဝတွင် အကြီးကျယ်ဆုံး ဂုဏ်ယူကြောင်း" ဘုရင့်ထံပေးပို့သည့်စာတွင် ဝန်ကြီးချုပ်ဟွန်မာနက်က ထပ်လောင်းပြောကြားသည်။

"အမျိုးသားလွှတ်တော် သတ္တမမြောက် လွှတ်တော်ရဲ့ တော်ဝင်အစိုးရအကြီးအကဲတွေနဲ့အတူ ဒီမွန်မြတ်တဲ့ အမျိုးသားရေးတာဝန်ကို အမိမြေအတွက် ကျေပွန်အောင်ထမ်းဆောင်ဖို့ မိမိကတိပြုကြောင်း" ဟွန်မာနက်က ပြောကြားသည်။

နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအပြင် ထီးနန်းနှင့် သက်ဦးဆံပိုင်ဘုရင်စနစ်တို့ကို ဆက်လက်ကာကွယ်စောင့်ရှောက်သွားမည်ဟု ၎င်းက ကတိပြုခဲ့သည်။

ဟွန်မာနက်သည် ပြည်ပမှပညာသင်ယူတတ်မြောက်ခဲ့သည့် ပညာရှင်တစ်ဦးဖြစ်သည့်အပြင် ၎င်းဖခင်၏ သွန်သင်မှုများကြောင့် နိုင်ငံရေးနှင့် စစ်ရေးအမြင်ကြွယ်ဝသည့် ခေါင်းဆောင်တစ်ဦးလည်းဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံတကာဆက်ဆံရေးအင်စတီကျုမှ ညွှန်ကြားရေးမှူးချုပ် ကင်ဖီယာက ပြောကြားသည်။

ဟွန်မာနက်သည် ဝန်ကြီးချုပ်သစ်ရာထူးအတွက် ထိုက်တန်သော အရည်အချင်းပြည့်မီသည့် ကိုယ်စားလှယ်လောင်းဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံတကာဆက်ဆံရေး အင်စတီကျုမှ မှတ်ချက်ပြုသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရုတ်နှင့် အီးယူတို့က ယခုနှစ်နှောင်းပိုင်းတွင် ထိပ်သီးအစည်းအဝေး ကျင်းပရေးပြင်ဆင်ရန် သဘောတူညီ



၂၀၂၂ ခုနှစ် စက်တင်ဘာလက နယူးယောက်မြို့၌ ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံပြင်ပတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် အီးယူနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ဂျိုးဆက်ဘော်ရယ်တို့ တွေ့ဆုံခဲ့စဉ်။

ပေကျင်း ဩဂုတ် ၇

တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့သည် ယခုနှစ်နှောင်းပိုင်းတွင် ထိပ်သီးအစည်းအဝေးတစ်ရပ်ကျင်းပရေး ပြင်ဆင်သွားရန် သဘောတူညီခဲ့ကြကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် အီးယူနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ဂျိုးဆက်ဘော်ရယ်တို့က ဩဂုတ် ၆ ရက်တွင် ဖုန်းဖြင့်ဆက်သွယ်ပြောကြားစဉ် အဆိုပါ ထိပ်သီးအစည်းအဝေးကျင်းပရေး ပြင်ဆင်မှုနှင့် စပ်လျဉ်း၍ သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

အီးယူနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ဂျိုးဆက်ဘော်ရယ်သည် မဟာဗျူဟာမြောက်ဆွေးနွေးပွဲကျင်းပရန်အတွက် ဆောင်းဦးကာလတွင် တရုတ်နိုင်ငံသို့ သွားရောက်မည့်အရေးကိစ္စနှင့် စပ်လျဉ်း၍လည်း နှစ်နိုင်ငံသဘောတူညီခဲ့ကြကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အီးယူနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ဂျိုးဆက်ဘော်ရယ်သည် ဥရောပသမဂ္ဂ၏ မဟာဗျူဟာနှင့် ကြီးမားသောစီးပွားရေးဇုန်တစ်ခုတည်ထောင်ရန် ရည်ရွယ်ထားသည့် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ သဘောသဘာဝကိုလည်း အလေးပေးပြောကြားခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အီးယူသည် ဥရောပအသိုက်အဝန်း ပြင်ပ၌ အဆောက်အအုံစီမံကိန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန် ၂၀၂၁ ခုနှစ်အတွင်းက Global Gateway မဟာဗျူဟာတစ်ရပ်ကို ကြေညာခဲ့ခြင်းဖြစ်သည်။ ယင်းမဟာဗျူဟာအရ ယူရို ၃၀၀ ဘီလီယံ သို့မဟုတ် ဒေါ်လာ ၃၃၀ ဘီလီယံခန့်အထိ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# သီရိလင်္ကာနိုင်ငံ ခရိုင် ၁၂ ခု၌ သောက်သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့နေ

ကိုလံဘို ဩဂုတ် ၇

သီရိလင်္ကာနိုင်ငံ ခရိုင် ၁၂ ခုတွင် သောက်သုံးရေပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သီရိလင်္ကာနိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုစင်တာက ဩဂုတ် ၇ ရက်တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ အိမ်ထောင်စု ၄၈၀၀၀ ကျော်မှ မိသားစုဝင် ၁၅၆၀၀၀ ခန့်သည် လက်ရှိအချိန်တွင် မိုးခေါင်ရေရှားမှုဒဏ်ခံစားနေရကြောင်းလည်း သီရိလင်္ကာနိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုစင်တာမှ ညွှန်ကြားရေးမှူးချုပ် ဆူဒန်သာရာနာဆင်းဂ်က ပြောကြားသည်။

ထို့ကြောင့် သီရိလင်္ကာနိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုစင်တာအနေဖြင့် အဆိုပါအိမ်ထောင်စုများအား သောက်သုံးရေများထောက်ပံ့ရန် စီစဉ်လျက်ရှိကြောင်း သဘာဝဘေးစီမံခန့်ခွဲမှုစင်တာမှ ညွှန်ကြားရေးမှူးချုပ် ဆူဒန်သာရာနာဆင်းဂ်က ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် မုတ်သုံဝင်ရောက်မှုနှောင့်နှေးခြင်း သို့မဟုတ် ရာသီဥတုပြောင်းလဲမှုဒဏ်တို့ကို မကြာခဏကြုံတွေ့ရလျက်ရှိကြောင်းလည်း သီရိလင်္ကာနိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုစင်တာက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် မြေပြိုမှုနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပွား၊ ရှစ်ဦး သေဆုံး

ဟန္နိုင်း ဩဂုတ် ၇

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် ဩဂုတ်၂ ရက်မှ ၆ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြေပြိုခြင်းနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ဒေသခံရှစ်ဦးသေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဗီယက်နမ်အမျိုးသားသဘာဝဘေးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးကော်မတီက ပြောကြားသည်။

သေဆုံးသူများအနက် လေးဦးမှာ Lai Chau ခရိုင်မှဖြစ်ပြီး Yen Bai တွင် နှစ်ဦး၊ Thai Nguyen တွင် တစ်ဦးနှင့် Son La ခရိုင်တွင် တစ်ဦးတို့ဖြစ်ကြောင်းနှင့် အခြားဒဏ်ရာရရှိသူ သုံးဦးမှာ Lai Chau ခရိုင်မှဖြစ်ကြောင်း ကော်မတီက မှတ်ချက်ပြုသည်။ ၎င်းသဘာဝဘေးကြောင့် နေအိမ် ၂၄ လုံးနှင့် သီးနှံဧက ၃၀ ဟက်တာ ထိခိုက်ပျက်စီးခဲ့သည်။

ဩဂုတ် ၄ ရက်မှစ၍ နိုင်ငံမြောက်ပိုင်းဒေသတွင် မိုးရေချိန် ၁၀၀ မှ ၂၀၀ မီလီမီတာအထိရွာသွန်းခဲ့ကာ အချို့နေရာများတွင် ၄၀၀ မီလီမီတာနီးပါး မိုးရွာသွန်းခဲ့ပြီး မြစ်၊ ချောင်းများတွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်ခဲ့ကြောင်း ဒေသတွင်းသတင်းစာ ဗီယက်နမ်နယူးစ်က မှတ်ချက်ပြုသည်။ အသက်အိုးအိမ်များပျက်စီးမှု သတင်းများထွက်လာပြီးနောက် ဝန်ကြီးချုပ် ဖန်မင်ချင်းက နိုင်ငံမြောက်ပိုင်းဒေသတွင် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးကို အရှိန်မြှင့်ဆောင်ရွက်ရေးအတွက် တာဝန်ရှိသူများထံ ညွှန်ကြားခဲ့သည်။

နိုင်ငံအတွင်း ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ထပ်မံဖြစ်လာနိုင်ကြောင်း အမျိုးသားမိုးလေဝသခန့်မှန်းရေးဗဟိုဌာနမှ ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# နိုင်ဂျာနိုင်ငံအား ကျူးကျော်တိုက်ခိုက်ခြင်းမှကာကွယ်ရေး လေပိုင်နက်ကို ပိတ်ပင်



နီးယားမေ ဩဂုတ် ၇

နိုင်ဂျာနိုင်ငံ၏ လေပိုင်နက်ကို ဩဂုတ် ၆ ရက်မှစတင်၍ ပိတ်ပင်ကြောင်းနှင့် နိုင်ငံကိုထိပါးလာမည့် ကျူးကျော်တိုက်ခိုက်မှုများကို တုံ့ပြန်ကာကွယ်သွားမည်ဖြစ်ကြောင်း နိုင်ဂျာအစိုးရက ပြောကြားသည်။

နိုင်ဂျာနိုင်ငံအား စစ်ရေးအရတိုက်ခိုက်မည်ဟု အနောက်အာဖရိကနိုင်ငံများ စီးပွားရေးအသိုက်အဝန်းက ခြိမ်းခြောက်ခဲ့သောကြောင့် နိုင်ဂျာနိုင်ငံက မိမိနိုင်ငံကာကွယ်ရေးအတွက် အစီအစဉ်များပြင်ဆင်ဆောင်ရွက်ထားခဲ့သည်။ ထို့ပြင် အိမ်နီးချင်းနိုင်ငံများက စစ်ရေးအရကျူးကျော်ဝင်ရောက်မှုများကို ဟန့်တားနိုင်ရေးအတွက် နိုင်ဂျာနိုင်ငံ၏ လေပိုင်နက်ကို ပိတ်ပင်ကြောင်း နိုင်ဂျာအစိုးရက ကြေညာခဲ့သည်။

နိုင်ဂျာတပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုင်ငံ၏ ပိုင်နက်နယ်မြေများကို ကာကွယ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ဂျာအစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထောင်နှင့်ချီသော နိုင်ဂျာပြည်သူများသည် ယမန်နေ့က မြို့တော်နီးယားမေရှိ အားကစားရုံတွင် စုရုံးရောက်ရှိခဲ့ကြပြီး နိုင်ငံတော်အာဏာလွှဲပြောင်းရယူမှုအပြီး ပြည်ပနိုင်ငံများမှဖိအားများ နိုင်ဂျာနိုင်ငံအပေါ် မကျရောက်စေရေး ရပ်တည်ဆောင်ရွက်မည့် နိုင်ဂျာနိုင်ငံ အမိမြေကာကွယ်စောင့်ရှောက်ရေးအမျိုးသားကောင်စီ၏ ဆုံးဖြတ်ချက်ကို ထောက်ခံကြိုဆိုခဲ့ကြသည်။

မာလီနှင့် ဘာကီနာဖာဆိုနိုင်ငံတို့သည် နိုင်ဂျာနိုင်ငံဘက်မှရပ်တည်ကာ စည်းလုံးညီညွတ်မှုကို ပြသမှုအဖြစ် နိုင်ဂျာနိုင်ငံမြို့တော် နီးယားမေသို့ ပူးတွဲကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်မည်ဖြစ်ကြောင်း မာလီနိုင်ငံတပ်မတော်က ပြောကြားသည်။ နိုင်ဂျာနိုင်ငံသားများနှင့် ၎င်းနှစ်နိုင်ငံအကြား စည်းလုံးညီညွတ်မှုကို ပြသရန်အတွက် နီးယားမေမြို့သို့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ခြင်းဖြစ်သည်"ဟု တွစ်တာတွင် မာလီနိုင်ငံတပ်မတော်က ရေးသားခဲ့သည်။

နိုင်ငံအပေါ် တရားမဝင်ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကို တွန်းလှန်ခဲ့သည့် နိုင်ဂျာအစိုးရနှင့်နိုင်ငံသားများကို ထောက်ခံကြောင်း မာလီနှင့်ဘာကီနာဖာဆိုနိုင်ငံတို့က ကြေညာခဲ့သည်။ နိုင်ဂျာနိုင်ငံတွင် ဆောင်ရွက်မည့် မည်သည့်စစ်ရေးစွက်ဖက်မှုကိုမဆို ၎င်းတို့အား စစ်ကြေညာခြင်းအဖြစ် သတ်မှတ်မည်ဖြစ်ပြီး ဒေသတွင်းနိုင်ငံရေးနှင့် စီးပွားရေးသမဂ္ဂမှ မိမိတို့နုတ်ထွက်မည်ဖြစ်ကြောင်း ၎င်းနိုင်ငံများက သတိပေးထားသည်။

**ကိုးကား-စီဂျီတီအင်န်၊ အာတီနယူးစ်၊ ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"စိုက်ပျိုးရေး သိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် သားဖြစ်သူ အသက် ၁၁ နှစ်အရွယ်ကလေး အပါအဝင် ဆရာ၊ ဆရာမ ၇ ဦးကို PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ရိုက်နှက်ညှဉ်းပန်း နှိပ်စက်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးတစ်ဦးကို ပစ်သတ်သွားသည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကသာမြို့နယ် မိုးတားလေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ၅ ဦး ဒဏ်ရာရရှိခဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးစက်ယန္တရားယာဉ်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၄ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပင်လုံကျေးရွာအနီး၌ တရားမဝင် လိုင်စင်မဲ့ JCB Wheel Loader ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၀၀၀၀၀၀) နှင့် BULL Wheel Laoder ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၈၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့က သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းဆုံအနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Toyota Caldina တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပဲခူးခရိုင်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၁၁ ဒသမ ၀၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၀၆၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဩဂုတ် ၆ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီခရိုင်တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့က မြဝတီမြို့ အမှတ်(၅) ရပ်ကွက် မြေနီကုန်းလမ်းဆုံအနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် M–150 Energy Drink ဘူး ၁၀၀၀၀၊ Oishi Green Tea ထုပ် ၄၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Box Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၉၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု

ထို့အပြင် ဩဂုတ် ၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကန်သာယာကျေးရွာနှင့် ဘုတ်ချောင်းအတွင်း၌ တရားမဝင်သစ်မျိုးစုံ ၉ ဒသမ ၀၂၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၃၂၇၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၄ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာအမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၃၄၀၃၉၁၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၃၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၁၂ ဒသမ ၆၃ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၃၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၁၂ ဒသမ ၆၃ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၄ ရက် ညနေ ၄ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်တွင် ဟံသာဝတီလမ်းမှ မြို့ရှောင်လမ်းသို့ စိုင်းဟောင်ခမ်း (ခ) စိုင်းတီ မောင်းနှင်ပြီး သက်လှိုင်ဦး လိုက်ပါလာသည့် Toyota Crown မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ် ၁ ဒသမ ၃၈ ဘီလီယံကျော်တန်ဖိုးရှိစိတ်ပြောင်းဆေးဝါး Happy Water ၁၂ ဒသမ ၆၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၆ နာရီခွဲတွင် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မိုတယ်တွင် တည်းခိုနေသည့် သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရောင်းဝယ်သူ မချိုနိုရက်ဒီဆာရီကာကို ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိကာ ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် KTV/ CLUB/ BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များကို အန္တရာယ်ဖြစ်စေသည့် စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေမှုများကို ထိရောက်စွာ တားဆီးနိုင်ရေးအတွက် စီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၈-၂၀၂၂ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(မေတ္တာသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာပျူမြို့ဟောင်းဆီသို့
- ၀၉:၃၀ ထူးခြားစုံလင်အာရုပစိဗိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့ အချစ်နိဂုံး'** (အပိုင်း–၃၀)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာဖုံး'** (အပိုင်း–၂၇)
- ၁၅:၃၀ Weekly MNL Review
- ၁၆:၃၀ လူကုန်ကူးမှုဆိုင်ရာ အသိပညာမြင့်မားရေး စကားဝိုင်းဆွေးနွေးပွဲ (ပထမပိုင်း)
- ၁၇:၃၀ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာဖုံး'** (အပိုင်း–၂၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ကံကြမ္မာမုန်တိုင်း'** (အပိုင်း–၄၁)
- ၂၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြောင်းလဲနိုင်သောအချိန်စက်ဝန်း'** (အပိုင်း–၁၅)

### mitv

- 07:01 Evergreen Classic : Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:08 Products of Myanmar - Craft Blacksmithing
- 07:34 Up Against The Tide
- 07:52 Myanmar Masterclass: Impressionism
- 08:01 News
- 08:27 Shwezigon Pagoda
- 08:54 International Cat Day
- 09:01 Topical Science Topic (Current Life Expectancy and Longevity)
- 09:28 Kayah Traditional Dance
- 09:41 A Glimpse of Taungoo & its Delicacies
- 10:01 News
- 10:27 Bagan Lacquerware
- 10:40 Dawei - Tavoy, Travel To The Southern Part Of Myanmar

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
အပန်းဖြေကြမည်သဘာဝကျောက်ပန်းချီကမ်းခြေဆီ

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း–၅)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
'တိုင်းမော်း' မောရှမ်းတိုင်းရင်းသားတို့၏ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ

**ပ (၁၂:၀၀ မှ ၁၄:၀၀)**
တိုပန်မြို့အလှ

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ကချင်ဘာသာစကားပြောကြရအောင်

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များအတွက်ကျန်းမာရေးဆိုင်ရာဗဟုသုတ

**စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
တလေဒူးခုန်ခြင်း

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
သဘာဝမိကျောင်းများပျော်စံရာမိန်းမလှကျွန်း

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဒွံတွင်းမြိန်စေမှာ ဒေါ်လေးရဲ့လက်ရာ

**ချင်း (လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)**
သင်မယ်ရေးမယ် 'တို' ချင်းစာ(အပိုင်း–၃၂)

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
အပဲအူထန်းနှစ်ချက်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၇:၄၅ နိုင်ငံတကာစီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသတင်း
- ၀၈:၄၅ ECONOMIC REVIEW (Part-44)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့် အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၄၅ အောင်ဘာလေထီ(အင်္ဂလိပ်စာတန်းထိုး)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'ကွက်လပ်ဖြည့်ပါ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း–၁)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း–၈)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၂၅ ထိန်းသိမ်းစောင့်ရှောက်ကြရမည့်အဖိုးတန်သယံဇာတများ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ မိန်းမပုံဂေဟာ(ရုပ်ရှင်ဇာတ်လမ်း)
- ၁၉:၀၀ Vintage Potato Farming in Ireland-Farming with Horses & Vintage Tractors-Irish(Documentary)
- ၂၂:၀၀ Lincense to Farm - Official (Documentary)
- ၂၂:၃၀ A Farmer Journey (Part-1)
- ၂၃:၀၀ သားပိုက်ကောင်(ရုပ်ရှင်ဇာတ်လမ်း)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary - 21 (Sepak takraw)
- ၀၇:၀၀ အားကစားသတင်း
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကတ်ဘောအက်ဆေး'** (အပိုင်း–၃၀)
- ၁၉:၄၀ Weekly MNL Review

Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မွန်ပြည်နယ် ဘီးလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်နှင့် ရခိုင်ပြည်နယ် မြောက်ဦးမြို့တို့ရှိ ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်






**နေပြည်တော် ဩဂုတ် ၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များရှိ နေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိသည့် ဘီးလင်းမြို့ ဓမ္မဝိဟာရကျောင်း၊ မြို့နယ်အားကစားခန်းမ၊ အောင်ဇေယျခန်းမ၊ ငြိမ်းချမ်းရိပ်မြုံကျောင်း၊ အောင်သိဒ္ဓိကျောင်း၊ ရွှေဘုံသာကျောင်း၊ မြောက်ကျောင်းကြီး၊ စကားဝါကျောင်း၊ ကိုးနဝင်းကျောင်း၊ ငှက်ပျောတောကျောင်း၊ ပိန္နဲတောကျောင်း၊ ဖိုးလကြီးကျောင်း(မြို့သစ်)နှင့် လှိုင်းဘွဲမြို့ အောင်ဆန်းခန်းမ၊ ကမော့ကချူး Cyclone Shelter၊ မြို့မဂျာမေဗလီ၊ ပိုင်ကျုံကျေးရွာနှင့် ဒေါ်လန်းကျေးရွာတို့သို့ ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက သွားရောက်၍ ရေဘေးသင့်ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်၊ ထမင်းဘူးများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ အားပေးစကားများ ပြောကြားသည်။

**ကြည့်ရှုအားပေး**

အလားတူ ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ မြတန်ဆောင်ယာယီခိုလှုံရာစခန်းနှင့် ဆင်ချရပ်ကွက် အနိမ့်ပိုင်းနေရာများသို့ ချောင်းရေ ဝင်ရောက်လာပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အဆိုပါနေရာသို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးသင့် အိမ်ထောင်စုဝင် မိသားစုများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများအား ရေဘေးလွတ်ရာဖြစ်သည့် မြတန်ဆောင်ဘုန်းတော်ကြီးကျောင်းသို့ ကူညီရွှေ့ပြောင်းပေးကြသည်။ ထိုသို့ဆောင်ရွက်ပေးနေမှုများကို မြောက်ဦးတပ်နယ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၆ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Chan Nyain Oo” အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၄)ရပ်ကွက်နေ ချမ်းငြိမ်းဦးအား နံနက် ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “Thein Myint Wai” အကောင့်ပိုင်ရှင်ဖြစ်သူ ကချင်ပြည်နယ် ဖားကန့်မြို့နယ် မော်ဝမ်းရပ်ကွက်နေ သိန်းမြင့်ဝေအား မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ “Kyaw Zin Htuo” အကောင့် ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဖလန်တောကျေးရွာနေ မင်းမော်ကွန်း(ခ) မော်ကွန်းအား မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Min Htet Naing Oo(Harder)” အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၉) ရပ်ကွက်နေ မင်းထက်နိုင်ဦးအား မွန်းလွဲ ၃ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်မြေသာစံမြို့နယ်တွင် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**မန္တလေး ဩဂုတ် ၇**

မန္တလေး တိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဦးစောထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ဘဏ္ဍာရေးရှင်းတမ်း၊ အသင်းအမည်ပြောင်းလဲခြင်း၊ အသင်းစည်းကမ်းပြင်ဆင်ဖြည့်စွက်ခြင်း၊ ဒါရိုက်တာအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ် အစီရင်ခံစာများကို ဖတ်ကြားတင်ပြရာ သဘာပတိက အတည်ပြုသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အသင်းသားအသင်းသူများအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် ဆီ ၅၀ ကျပ်သားပေးအပ်ပြီး အသင်းသား ၁၁၇၉ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၁၇ ဒသမ ၉ သိန်း၊ အစုပေါ် အမြတ်ငွေကျပ် ၅ ဒသမ ၈သိန်း၊ စုဆောင်းငွေပေါ် အတိုး ငွေကျပ် ၅၀၈ သိန်း စုစုပေါင်း ငွေကျပ် ၆၃၁ ဒသမ ၇ သိန်းကို အသင်းသားများအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သံလွင်၊ သောင်ရင်း၊ စစ်တောင်းနှင့် ကုလားတန်မြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၇**

**သံလွင်မြစ်ရေ**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သောင်ရင်းမြစ်ရေ**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ်ရေ**

ယနေ့ညနေ ၆နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ကုလားတန်မြစ်ရေ**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ကုလားတန်မြစ်ရေသည် ကျောက်တော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မြဝတီမြို့နယ်၊ မဒေါက်မြို့နှင့် ကျောက်တော်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း သန့်ရှင်းသာယာရေးနှင့် လမ်းများကောင်းမွန်ရေး ကွင်းဆင်းစစ်ဆေး



ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်)ဦးဗိုလ်ဒွေးနှင့် ဥပဒေချုပ် ဦးဒွေးအောင် တို့သည် ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် ဇော်ဂျီလမ်းအတွင်း မြက်ပင်ချုံနွယ်များ၊ သစ်ပင်များ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ ဆယ်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမပေါ်ရှိ ရွှေလှေချောင်းကူးတံတားပြုပြင်နေမှုနှင့် ရွှေလှေချောင်းအတွင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့် အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ အောင်ဆန်းသူရိယ လှသောင်း ကျောင်းရှေ့ ရန်ကုန်-ပြည်လမ်း ကွန်ကရစ်လမ်းသား တိုးချဲ့ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

သတင်းစဉ်

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၀)သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၇

အလယ်အလတ် အဆင့် အရာထမ်းသင်တန်း အမှတ်စဉ် (၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)၌ Online Learning System ဖြင့် ကျင်းပသည်။




သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အလယ်အလတ် အဆင့် အရာထမ်းသင်တန်း အမှတ်စဉ် (၁၀)သို့ သင်တန်းသား ၄၃ ဦး၊ သင်တန်းသူ ၅၀ စုစုပေါင်း ၉၃ ဦး တက်ရောက်လျက်ရှိပြီး ဩဂုတ် ၇ ရက်မှ အောက်တိုဘာ ၂၄ ရက်အထိ Distance Learning ဖြင့် လည်းကောင်း၊ ဒီဇင်ဘာ ၄ ရက်မှ ဇန်နဝါရီ ၂၆ ရက်အထိ In-House Learning ဖြင့် လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၈-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၀ | ၂၃၃၀ | ၂၃၄၅ | ၂၂၄၀ | ၂၂၄၅ | ၂၂၈၅ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၁၂၀ |
| 95 Ron | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၅၅ | ၂၃၈၀ | ၂၃၆၅ | ၂၃၄၅ | ၂၄၄၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၅ | ၂၃၉၅ | ၂၃၉၅ | ၂၄၀၀ | ၂၆၃၀ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၅၀ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၀ | ၂၄၅၀ | ၂၄၉၀ | ၂၄၉၀ | ၂၄၉၀ | ၂၇၂၀ | ၃၂၂၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၆၅ | ၂၇၉၅ | ၃၂၈၀ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၆၅ | ၂၇၉၅ | ၃၂၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၈၉ | ၂၁၆၅ |
| 95 Ron | ၂၁၉၇ | ၂၂၇၅ |
| HSD (500 ppm) | ၂၂၈၇ | ၂၃၆၃ |
| HSD (50 ppm) | ၂၃၆၁ | ၂၄၃၈ |
| HSD (10 ppm) | ၂၃၆၁ | ၂၄၃၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မိုးနဲမြို့နယ်၌ (၃၈)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ဖြေဆိုအောင်မြင်သူများအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ချီးမြှင့်

မိုးနဲ ဩဂုတ် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ၂၀၂၃ ခုနှစ် ဧပြီလက ကျင်းပခဲ့သော (၃၈) ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် လူငယ်မောင်မယ်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် လွိုင်မြေရပ်ကွက် ဝိဇ္ဇာရိယဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ဩဝါဒါစရိယ ဝိဇ္ဇာရိယ ဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမာဃိန္ဒ အရှင်သူမြတ်ထံမှ ဩဝါဒခံယူခဲ့ကြသည်။

ဆက်လက်၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ဖြေဆိုအောင်မြင်သော ကျောင်းသား ကျောင်းသူ၊ လူငယ်/မောင်မယ်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများကို မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် ပင့်သံဃာတော်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များက လူငယ်တစ်ဦးချင်းစီ၏ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(ပြန်/ဆက်)



# ပေါင်မြို့နယ်၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်

ပေါင် ဩဂုတ် ၇

မွန်ပြည်နယ် ပေါင်မြို့နယ်၌ လူငယ်များအလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး ဆောင်ရွက်မည့်စီမံကိန်း အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ကျုံကကျေးရွာ ရန်ကင်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မြင့်က အမှာစကားပြောကြားပြီး သထုံခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြတ်အေးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများအား ထောက်ပံ့ပေးအပ်ခဲ့ပြီး အခြေခံစက်ချုပ်သင်တန်းကို စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းဆရာမ နှစ်ဦးက သင်တန်းသူ ၁၅ ဦးကို စတင်သင်ကြားဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

နေပြည်တော် ဩဂုတ် ၇

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

**လှူဒါန်း**

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာနက ပေးပို့သည့် ဆေးပစ္စည်းနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ဆောက်လုပ်ရေးပစ္စည်း ၁ ဒသမ ၀၆ တန်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့်ဒေသများရှိပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၇၈ ဒသမ ၅ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၅၈၈ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများအား မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါတပ်မတော်လေယာဉ်/ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သိရသည်။

သတင်းစဉ်





## အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၇

အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးတံခွန်စိုက်ဒိုင်းလက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဩဂုတ် ၁၅ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်ကွင်းသရုပ်ပြပွဲ ပြုလုပ်

ကသာ ဩဂုတ် ၇

စစ်ကိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ကသာခရိုင်ဦးစီးမှူးရုံးမှ ကြီးကြပ်ဆောင်ရွက်သော မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးစံပြကွက် ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက် ၁၀ နာရီက ကသာမြို့နယ် မြို့မအုပ်စု ပြည်သာယာကွင်း ကွင်းအမှတ် ၇၁၆ တွင် ပြုလုပ်သည်။

ရှေးဦးစွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က လမ်းညွှန်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက အယ်လ်နီညို ရာသီဥတုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် တောင်သူများ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးကိုလေးက မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းအကြောင်းအား လည်းကောင်း၊ ခရိုင်မြေအသုံးချတာဝန်ခံ၊ ခရိုင်မျိုးစေ့တာဝန်ခံနှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံတို့က မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများအား လည်းကောင်း ရှင်းလင်းခဲ့သည်။ ကသာခရိုင်အနေဖြင့် မိုးစပါး ၇၁၆၉၃ ဧက စိုက်ပျိုးထားသော်လည်း ကွင်းပိတ်စိုက်ပျိုးချိန်တွင် လျာထားဧက ၁၇၃၆၀၈ ဧကကို ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အေးမြသက်ထား



## မှော်ဘီမြို့နယ်၌ ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းအစီအစဉ်ဖြင့် အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

မှော်ဘီ ဩဂုတ် ၇

ရန်ကုန် မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းကို မှော်ဘီမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၇ ရက် နံနက်ပိုင်းက အမောက်ဝဲစံပြကျေးရွာတွင် စီမံကိန်းအစီအစဉ်ဖြင့် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နီက အမောက်ဝဲ စံပြကျေးရွာတွင် ခေတ်မီစံပြကျေးရွာဖော်ဆောင်၍ ကျေးလက်နေပြည်သူများဝင်ငွေတိုးရေးစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းထူထောင်နိုင်ရန် လိုအပ်သော စက်ပစ္စည်းများနှင့် ကုန်ကြမ်းများ ထောက်ပံ့ပေးမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဇော်ထွန်းက သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးကို သင်တန်းသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းကို တစ်လကြာ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင် နှုန်းသင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသူ ၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

## အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကျင်းပ

မှော်ဘီ ဩဂုတ် ၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက မှော်ဘီ(မြောင်းတကာ) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်သန်းဦးက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံ့လက်ရွေးစင် ပြေးခုန်ပစ်အားကစားသမားဟောင်း ဒေါ်မာမာမင်း၊ စားပွဲတင်တင်းနစ် အားကစားသမားဟောင်း ဦးဘောဝ၊ ခရိုင်အားကစားနှင့် လူငယ်ရေးရာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးအေးချိုတူးနှင့် မြို့နယ်အားကစားမှူး ဒေါ်လွဲလွဲလွင် တို့က ကျောင်းသား ကျောင်းသူများအား အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးအကြောင်းအရာများနှင့် အားကစားသိပ္ပံသင်တန်းသို့ တက်ရောက်ကြရန်တို့ကို အသိပညာပေးဟောပြောကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးထံ မြို့နယ်အားကစားမှူးက အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး တိုက်ကွမ်ဒိုအားကစားသမားများက သရုပ်ပြသခဲ့ကြကာ တာဝန်ရှိသူများက သရုပ်ပြအားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဥဇ္ဇာဟိန်း



## ပေါက်ခေါင်းမြို့နယ်၌ မိုးမြေပဲများ စိုက်ပျိုးပြီးစီး

ပေါက်ခေါင်း ဩဂုတ် ၇

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်ရှိ ကျေးရွာများဖြစ်သော သဖန်းချိအုပ်စု သဖန်းချိကျေးရွာတွင် မိုးမြေပဲများကို ဇွန်လဆန်းပိုင်းတွင် စတင်စိုက်ပျိုးခဲ့ရာ မိုးမြေပဲ စိုက်ဧကမှာ ၁၂၁၂၈ ဧကရှိကြောင်း၊ စိုက်ပျိုးသည့်မျိုးမှာ မကွေး ၁၅ မျိုးဖြစ်ပြီး စိုက်ပျိုးကုန်ကျစရိတ် အနေဖြင့် မိုးမြေပဲတစ်ဧကလျှင် ငွေကျပ်ခြောက်သိန်းခန့် ကုန်ကျကြောင်း၊ ယခုအချိန်တွင် မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး စက်တင်ဘာလတွင် မိုးမြေပဲများ စတင်နုတ်သိမ်းနိုင်မည်ဖြစ်ရာ မြေပဲများနုတ်သိမ်းချိန်တွင် ရာသီဥတုဖျက်ဆီးမှုမရှိဘဲ



အထွက်နှုန်းကောင်းမွန်ပါက တောင်သူများအတွက် အကျိုးအမြတ်များ စွာရရှိနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

## တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၇

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဇူလိုင် ၂၉ ရက် မှ ဩဂုတ် ၄ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ပြောင်းတန်ချိန် ၅၆၃ ဒသမ ၈၀၆ တန်၊ ကြက်သွန်ဖြူတန်ချိန် ၁၇၀ ဒသမ ၅ တန်၊ လက်ဖက်ခြောက် တန်ချိန် ၅၄ ဒသမ ၈၂၅ တန်၊ ကတ်ထူစက္ကူအဟောင်းတန်ချိန် ၁၂၆ တန်နှင့် ပလတ်စတစ်ဖြတ်စ တန်ချိန် ၁၂ တန် တင်ပို့နိုင်ခဲ့သည်။

တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ယခုအပတ်တွင် ဘိလပ်မြေ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများ၊ ရေနံထွက်ပစ္စည်း၊ တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ သုတ်ဆေး/ ပေါလစ်များ၊ တာယာနှင့်ကျွတ်များ တင်သွင်းခဲ့သည်။

စက်သုံးဆီ ဈေးနှုန်းအနေဖြင့် ဒီဇယ်ဆီတစ်တန်လျှင် ၈၄၃ ဒသမ ၈၀ ဒေါ်လာနှင့် ဓာတ်ဆီ တစ်တန်လျှင် ၉၀၆ ဒသမ ၀၈ ဒေါ်လာဖြစ်သည်။

## (၇) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ပါဝင်ပြသ

နေပြည်တော် ဩဂုတ် ၇

တရုတ်နိုင်ငံ၌ ကျင်းပသည့် ကုန်စည်ပြပွဲများ၌ မြန်မာနိုင်ငံမှ နှစ်စဉ် ပါဝင်ပြသလျက်ရှိရာ (၇) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲတွင်လည်း မြန်မာနိုင်ငံမှ ပါဝင်ပြသမည်ဖြစ်သည်။ အဆိုပါ ကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Dianchi International Convention and Exhibition Center ၌ ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်တွင် ဒုတိယအကြိမ်မြောက် Country of Honor အဖြစ် ပါဝင်ပြသမည်ဖြစ်ပြီး ပထမအကြိမ် Country of Honor အဖြစ် ၂၀၁၈ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် (၅) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲတွင် ပါဝင်ပြသခဲ့သည်။

ယခုနှစ်တွင် ကုန်စည်ပြပွဲနှင့် ဆက်စပ်၍ ဖိုရမ် ၁၀ ခုကျော်ကို တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များ တက်ရောက်ကြမည်ဖြစ်သည်။

ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင် စုစုပေါင်း ၁၀၀ ကျော်တို့က မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များ၊ စားသောက်ကုန်များ၊ လက်မှုပစ္စည်းများနှင့် အဖိုးတန် ကျောက်မျက်ရတနာများ ပါဝင်ပြသကြမည်ဖြစ်ပြီး ဆက်စပ်စီးပွားရေး ဖိုရမ်များသို့ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

## နတ်တလင်းခရိုင်အတွင်း ဆီထွက်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

နတ်တလင်း ဩဂုတ် ၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင်အတွင်း မိုးသီးနှံများကို မေလ (ဒုတိယပတ်)မှ စတင်၍ စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ နတ်တလင်းခရိုင်အတွင်း၌ မိုးသီးနှံများအနက် ဆီထွက်သီးနှံများဖြစ်သော မိုးနှမ်း၊ မိုးမြေပဲ၊ မိုးနေကြာများကို လျာထားကေထက် ကျော်လွန်၍ စိုက်ပျိုးလျက်ရှိကြောင်း၊ ဆီထွက်သီးနှံ လျာထားကေပေါင်း ၄၆၁၂၈ ဧက ရှိရာ မိုးနှမ်း အမျိုးအစားများဖြစ်သော ရိုးစိမ်း၊ စုံတတ်၊ မကွေးဖြူ စိန်ပတ်လည် ၃၀၁၂၇ ဧက၊ မိုးမြေပဲ အမျိုးအစားများဖြစ်သော ဆင်းပဒေသာ (၁၁)၊ မကွေး(၁၂)၊ ဗီယက်နမ် ၁၆၅၆၄ ဧကနှင့် မိုးနေကြာ အမျိုးအစားများ ဖြစ်သော ဆင်းရွှေကြာ -၂ (၅၅) ဧက စုစုပေါင်း ၄၆၇၄၆ ဧက စိုက်ပျိုးထားရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

## ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း ဩဂုတ် ၇

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါးပါကင်၊ ဆီအုန်း၊ သီဟိုဠ်စေ့နှင့် ပြောင်းတို့ဖြစ်သည်။

ဩဂုတ် ၂ ရက်မှ ၆ ရက်အထိ ပို့ကုန်တန်ချိန် ၁၃၅၅ တန်နှင့် သွင်းကုန် တန်ချိန် ၂၉၉ တန် ဆောင်ရွက်နိုင်ခဲ့သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ပြောင်းတန်ချိန် ၁၅၀၊ ငါးပုလွေ ၇၆ ဒသမ ၃၆၀ တန်၊ ရေကြည်ငါး တန်ချိန် ၆ ဒသမ ၃၂၀ တန်၊ ကဗျက် တန်ချိန် ၅၅ ဒသမ ၀၅၀ တန်၊ တာဝမ် တန်ချိန် ၁၄၈ ဒသမ ၆၁ တန်၊ ငါးခွေးလျှာ တန်ချိန် ၁၁ ဒသမ ၄၄ တန်၊ ဘေးဝါ တန်ချိန် ၆၂ ဒသမ ၄၆ တန်၊ တူးခက် တန်ချိန် ၆၀ ဒသမ ၂၄ တန်၊ ရေဘဝဲ တန်ချိန် ၇ ဒသမ ၇၆၀ တန်နှင့် ပုစွန်တန်ချိန် ၆ ဒသမ ၆၂ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ဒီဇယ်ဆီ တန်ချိန် ၂၀၀၊ ဓာတ်ဆီ တန်ချိန် ၂၀၊ ပီလောပီနံမှုန့်တန်ချိန် ၂၄၀၊ ကန့်တန်ချိန် ၃၀ နှင့် ငါးဖမ်းပိုက် ခုနစ်တန် တင်သွင်းခဲ့ကြောင်း သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

### ၇.၈.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | | ၁၃၀၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၂၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၉၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၆၅၀၀ | ၈၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၅၅၀ | | ၁၆၀၀၀ | ၈၂၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၈၈၀၀ | ၈၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၉၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၆၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၁၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၉၀၀ | | ၁၄၅၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၆၀၀ | | ၁၇၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၆၅၀၀ | ၅၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၄၀၀ | | ၁၅၀၀၀ | ၇၉၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၉၅၀၀ | ၈၅၀၀ | ၄၁၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၅၆၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၂၀၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀ | ၈၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၈၅၀ | | ၁၃၅၀၀ | ၈၃၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၇၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၃၀၀ | ၂၇၅၀ | ၁၄၀၀၀ | ၈၃၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၉၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၁၃၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၅၀ | ၇၅၀၀ | ၇၇၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၇၀၀၀ | ၂၃၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၄၅၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၄၀၀၀ | ၈၆၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၆၀၀၀ | ၆၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၈၀၀ | | ၁၄၅၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၇၅၀၀ | | ၈၀၀၀ | ၄၅၀ | ၈၄၀၀ | ၆၂၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၆၅၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၆၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၂၀၀ | | ၁၅၀၀၀ | ၇၄၀၀ | ၁၉၀၀၀ | ၂၅၀၀ | ၇၅၀၀ | ၈၀၀၀ | ၄၂၀၀ | ၆၀၀၀ | ၄၀၀ | ၇၂၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၂၀၀ | | ၁၅၅၀၀ | ၇၄၀၀ | ၂၀၀၀၀ | ၂၆၀၀ | ၇၈၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀ | ၇၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၄၀၀ | ၃၃၀၀ | ၁၄၂၀၀ | ၉၂၀၀ | ၂၂၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၆၇၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၅၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် လားရှိုးတွင် ၄၀၀ကျပ်၊ မော်လမြိုင်တွင် ၅၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ထားဝယ်တွင် ၅၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀ကျပ်၊ ပြည်တွင် ၃၀၀ကျပ်၊ ပဲခူးတွင် ၂၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ကျိုင်းတုံ နှင့် မြိတ်တွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြိတ်၊ ပခုက္ကူ၊ ပျဉ်းမနားနှင့်နေပြည်တော် တွင် ၁၀၀ကျပ်၊ ပဲခူးတွင် ၅၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လားရှိုးနှင့်ပဲခူးတွင် ၅၀၀ကျပ်၊ ကျိုင်းတုံနှင့်တောင်ကြီးတွင် ၃၀၀ကျပ်၊ ပခုက္ကူတွင် ၁၀၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် လားရှိုးနှင့်တောင်ကြီးတွင် ၅၀၀ကျပ်၊ ကျိုင်းတုံတွင် ၁၀၀ကျပ်၊ပဲခူးတွင် ၃၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် ပခုက္ကူတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် တောင်ကြီးတွင် ၃၀၀ကျပ်၊ မြေပဲ တစ်ပိဿာလျှင် ပဲခူးတွင် ၆၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် ပဲခူးတွင် ၂၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀ကျပ်၊ ပခုက္ကူတွင် ၂၀၀ကျပ်၊ ပဲခူးတွင် ၃၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀ကျပ်၊ ပဲခူးတွင် ၅၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် မကွေးတွင် ၅၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနားနှင့် မကွေးတွင် ၅၀၀ကျပ်၊ ပျဉ်းမနားနှင့်နေပြည်တော်တွင် ၂၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ပခုက္ကူတွင် ၂၀၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) နှင့်(ကြူကုတ်စ) တစ်ပိဿာလျှင် မြိတ်တွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ထားဝယ်နှင့်ပခုက္ကူတွင် ၅၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် ပျဉ်းမနားနှင့်နေပြည်တော်တွင် ၁၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၃၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### သာသနိကအဆောက်အဦနှင့် နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၆၁၄။ | ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာရေးဝန်ထမ်းများနှင့် ကျောင်းသား/သူများကောင်းမှု (မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း-၁ ခန်းနှင့်နဝကမ္မ) | ၈၉၀၀၀၀၀ |
| ၄၆၁၅။ | ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုများကောင်းမှု | ၅၉၀၀၀၀၀ |
| ၄၆၁၆။ | ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်လှဝင်း သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀၀ |
| ၄၆၁၇။ | ဦးဝင်းရှိန်(ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်သန်းသန်းဝင်းမိသားစုကောင်းမှု | ၃၀၀၀၀၀၀ |
| ၄၆၁၈။ | အလုပ်သမားဝန်ကြီးဌာနမိသားစုကောင်းမှု | ၂၆၉၁၀၀၀ |
| ၄၆၁၉။ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃) | ၂၆၁၁၉၀၀ |
| ၄၆၂၀။ | ၂၀-၇-၂၀၂၃ ရက်တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုနှင့်ပတ်သက်၍ ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်း/ပြည်ပသတင်းမီဒီယာများမှ သတင်းထောက်များနှင့် မြန်မာနိုင်ငံဓာတ်ပုံဆရာများအသင်းမှ ဓာတ်ပုံပညာရှင်များကောင်းမှု | ၁၈၁၀၀၀၀ |
| ၄၆၂၁။ | အဘေး ဝန်းသိုစော်ဘွားကြီး ဦးစောအောင်မြတ်၊ ဘိုးဘိုးဦးစောခွန်ဆက်၊ နိုင်းနိုင်းဒေါ်စောမြဦးနှင့် ပေါ့ဦးညွန့်ရွှေ၊ အမေ ဒေါ်နှင်းဆီတို့အားရည်စူး၍ ဦးမျိုးမြတ်ထွန်းနှင့်ဇနီး ဒေါ်ထွေးထွေးဝင်း မိသားစုကောင်းမှု | ၁၅၀၀၀၀၀ |
| ၄၆၂၂။ | ဦးမောင်ငယ်နှင့်ဇနီး ဒေါ်ရွှေဇင်တို့အားရည်စူး၍ ဦးမျိုးမြတ်ထွန်းနှင့်ဇနီး ဒေါ်ထွေးထွေးဝင်းမိသားစုကောင်းမှု | ၁၅၀၀၀၀၀ |
| ၄၆၂၃။ | ဖခင်ကြီး ဦးထူးနှင့် မိခင်ကြီး ဒေါ်သန်းချစ်၊ အစ်ကို၊ အစ်မများအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု (မဟာရံတံတိုင်းရှိစကျင်ထောင့်တိုင်(မြန်မာမှု)-၁ ခု) | ၁၅၀၀၀၀၀ |
| ၄၆၂၄။ | မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်းမြို့နယ်)၊ မြို့နယ်အမှုဆောင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် မိသားစုများကောင်းမှု (မဟာရံတံတိုင်းရှိစကျင်ထောင့်တိုင်(မြန်မာမှု)-၁ ခု) | ၁၅၀၀၀၀၀ |
| ၄၆၂၅။ | အနန္တောအနန္တငါးပါးဦးထိပ်ထား၍ (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဗိုလ်မှူးချုပ်ရဲကျော်ကျော်နှင့် ဇနီး ဒေါ်မို့မို့လွင်၊ (သမီး)မလမင်းအိမ်၊ (သား)မောင်ရဲမြတ်လင်းမိသားစု ကောင်းမှု (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း-၂ ခု) | ၁၄၀၀၀၀၀ |

### သာသနိကအဆောက်အဦနှင့် နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၆၂၆။ | နှစ်ဖက်သောမိဘများကိုအမှူးထား၍ ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့်ဇနီး ဒေါ်သင်းသင်းအောင်၊ (သမီး)မယမုံမြင့်မြတ် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၆၂၇။ | အဘိုးအဘွားများအားရည်စူး၍ ဦးကံမြင့်နှင့်ဇနီး ဒေါ်ကျင်လှိုင်၊ (သား)မောင်လှိုင်နေမင်း၊ (သမီး)မနီနီခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၆၂၈။ | ဦးအောင်ကြွယ်ညွန့်နှင့်ဇနီး ဒေါ်ခင်စောဦး မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၆၂၉။ | ဦးတင်ရှမ်း၊ ဗိုလ်မှူးကြီးအောင်အေး(ငြိမ်း) မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၆၃၀။ | ဦးမောင်မောင်တင့်မိသားစုကောင်းမှု | ၉၄၀၀၀၀ |
| ၄၆၃၁။ | ဦးလှမောင်နှင့်ဇနီး ဒေါ်တင်တင်ငွေမိသားစုကောင်းမှု | ၇၀၀၀၀၀ |
| ၄၆၃၂။ | ဦးထိန်လင်းကျော်နှင့်ဇနီး ဒေါ်စန္ဒာမွန်၊ (သား)မောင်ဝဏ္ဏလင်းကျော်၊ (သမီး)မဖူးပွင့်ရတီခိုင်မိသားစုကောင်းမှု | ၇၀၀၀၀၀ |
| ၄၆၃၃။ | အနန္တောအနန္တငါးပါးဦးထိပ်ထား၍ ကွယ်လွန်သူ ဖခင်(ဦးတင်ထွန်း)၊ မိခင်(ဒေါ်လဲ့လဲ့)တို့အားရည်စူး၍ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၃၄။ | ဗိုလ်မှူးကြီးသက်နိုင်နှင့်ဇနီး ဒေါ်မော်မိသားစု ကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၃၅။ | ဗိုလ်မှူးကြီးအုံကျော်နှင့်ဇနီး ဒေါ်ဝင်းစန္ဒာကျော်၊ (သမီး)မအေးချမ်းဆုမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၃၆။ | နှစ်ဖက်မိဘများဖြစ်ကြသော (ဦးချစ်မောင်နှင့်ဇနီး ဒေါ်ငွေမယ်)၊ (ဦးအေးဖေနှင့်ဇနီးဒေါ်ကြည်)တို့အား အမှူးထား၍ ဗိုလ်ကြီးထွန်းထိန်(ငြိမ်း)၊ ဇနီး ဒေါ်ခင်မြင့် (လယ်ပြ/ငြိမ်း)၊ သမီးများ မစိုးစိုးထိန်၊ မမိုးမိုးထိန်၊ မတိုးတိုးထိန် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၃၇။ | ကိုသက်ဇော်ထွန်းနှင့်ဇနီး မကလျာမင်း၊ (သား)မောင်ခန့်ဇေယျာ၊ (သမီး)မအိမ့်သက်မှူးခင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၃၈။ | ဒုတိယဗိုလ်မှူးကြီးနေအောင်လင်းနှင့်ဇနီး ဒေါ်ချစ်စုသင်း၊ (သား)မောင်မြတ်ဘုန်းမဟော်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၃၉။ | ကိုဇော်လင်းထက်နှင့်ဇနီး မအေးမြသီတာသိန်း မိသားစုကောင်းမှု | ၅၀၀၀၀၀ |

### ပိဋကသုံးပုံကျမ်းစာအုပ်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၆၄၀။ | ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့်ဇနီး ဒေါ်တင်တင်လှိုင်၊ (သမီးကြီး)မစောယုနန္ဒာ၊ (သားငယ်)မောင်လွင်မင်းအောင် မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၆၄၁။ | Top Standard Engineering Trading Co.,Ltd မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၄ စုံ) | ၈၀၀၀၀၀၀ |
| ၄၆၄၂။ | Seven Max Co.,Ltd မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၂ စုံ) | ၄၀၀၀၀၀၀ |
| ၄၆၄၃။ | BLESSING JAR Co.,Ltd မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၂ စုံ) | ၄၀၀၀၀၀၀ |
| ၄၆၄၄။ | Latt Min Moe Co.,Ltd မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၆၄၅။ | New Friend Power Co.,Ltd မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၆၄၆။ | ဦးခင်မောင်ကြည်နှင့်ဇနီးဒေါ်တင်သန်းမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၆၄၇။ | ကွယ်လွန်သူ ဦးကျော်လွင်ဦးနှင့်ဇနီး ဒေါ်အုန်းကြိုင် တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၆၄၈။ | ကွယ်လွန်သူဦးမြင့်သန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ရွှေ အားရည်စူး၍ (သမီး)ဒေါ်ကြူကြူမြင့်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၆၄၉။ | ဦးဌေးနှင့်ဇနီး ဒေါ်မြိုင်(သမီး)မယဉ်ယဉ်အေး (စိန်ရတနာ)မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၆၅၀။ | ဦးမျိုးအောင်ဌေးနှင့်ဇနီး သုခမ္မသီဂီဒေါ်အေးအေးမြင့် မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၄၆၅၁။ | ဦးခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံး သား၊ သမီး၊ မြေးတစ်စုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၄၆၅၂။ | ဦးကောင်းမြတ်စိန်နှင့်ဇနီး ဒေါ်မို့မို့ခင်မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၄၆၅၃။ | ဒေါက်တာဇင်ငြိမ်းစိုး၏မွေးနေ့ကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

---

**○ MNL ပြိုင်ပွဲမှ**

ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်းခေါင်းဆောင် ဒေးဗစ်ထန်းက ရရှိသည်။

ပွဲစဉ် (၁၅) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၁ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၃၇ မှတ်၊ ဟံသာဝတီအသင်းက ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၂ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၁ မှတ်၊ မြဝတီအသင်းက ၁၉ မှတ်၊ ဒဂုံစတားနှင့် ရတနာပုံအသင်းက ၁၈ မှတ်စီ၊ ရခိုင်ယူနိုက်တက်အသင်းက ၁၇ မှတ်၊ ရှောဝတီအသင်းက ၁၅ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ GFA အသင်းက ရှစ်မှတ် ရရှိထားသည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

**❂ မြန်မာ့လက်ရွေးစင်မှ**

၂၀၁၉ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် မန္တလေးမြို့၌ ခြေစမ်းပွဲကစားပြီးနောက်ပိုင်း လေးနှစ်နီးပါးအကြာမှ ပြန်လည်ခြေစမ်းခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က သတ်မှတ်ထားသည့် နိုင်ငံတကာရက်သတ္တပတ်များတွင် ခြေစမ်းပွဲများကစားလျက်ရှိပြီး မတ်လတွင် အိန္ဒိယနိုင်ငံ၌ အိန္ဒိယလက်ရွေးစင်အသင်း၊ ကာဂျစ္စတန်လက်ရွေးစင်အသင်း၊ ဇွန်လတွင် တရုတ်နိုင်ငံ၌ တရုတ်လက်ရွေးစင်အသင်း၊ မကာအိုလက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းကစားထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလတွင် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ ပထမအဆင့်အဖြစ် မကာအိုအသင်းနှင့် အိမ်ကွင်း၊ အဝေးကွင်း ကစားရမည်ဖြစ်သည်။

**ကိုညီလေး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ နိဂြောဓလမ်း၊ မြေကွက်အမှတ်(၄၉၀/က)၊ (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်နှင့်အိမ်သည် ဦးအုန်းမောင်(ခ)ဦးအုန်းမြင့်အမည်ပေါက်ပြီး အဆိုပါမြေနှင့်အိမ်အား အပြီးအပိုင် ရောင်းချခွင့်ရှိသူ ဦးဌေးဝင်း [၁၂/သကတ(နိုင်)၀၈၃၂၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အင်ကြင်းခိုင်(LL.B, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်–၅၂၈၃)**
**အမှတ်(၈၅၃)၊ ဘုရင့်နောင်လမ်း၊ (၃၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၃၅၇၅၈၈၄**

## "ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ အမှတ် ၇၉၇၊ ဇေယျာသုခလမ်းတွင် နေထိုင်သော ဒေါ်အိသဉ္ဇာခိုင် (ဘ) ဦးအေးမြင့် [၁၂/မဂတ(နိုင်)၀၉၁၃၉၈]သည် အောက်ဖော်ပြပါ **"Image Coffee"**ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/၆၂၆၁)ဖြင့် မိမိတစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည် –

ဖော်ပြပါ **"Image Coffee"** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ဗလာစာအုပ်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name card၊ Letterhead, E-mail, Internet, Website, Logo, Invitation Letter, Social Media, Facebook အစရှိသည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပြီးအဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ကော်ဖီအမျိုးမျိုးကို ရန်ကုန်မြို့နှင့်တကွ မြန်မာတစ်နိုင်ငံလုံးရှိမြို့များတွင် ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသွားရန်ဖြစ်ပါသည်။ ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မည်သူမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား အတုအပ ပြုလုပ်၍ဖြစ်စေ သုံးစွဲခြင်း မပြုရန် အသိပေးတားမြစ်အပ်ပါသည်။

အကယ်၍ ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် တစ်ခုလုံးကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား အတုအပပြုလုပ်၍ဖြစ်စေ သုံးစွဲကြောင်း တွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးထူးငွေ BA (Law), LLB**
**တရားလွှတ်တော်ရှေ့နေ ( စဉ်–၄၁၂၀/၁၉၈၇ )**
**09-5069190, 09-960701938, 09-978480535**
**Building 3, Room 102, Hantharwaddy Villa**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## အမည်ပြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အိမ်အမှတ် (၂၃၇)နေ ဦးဝင်းသူ [၁၂/မဂတ(နိုင်)၀၈၁၈၈၄]၏ သား၊ မင်းဓမ္မလမ်း EMPS International School Year One မှ မောင်ဆက်ဝင်းထူးအား ယနေ့မှစ၍ မောင်ဆက်ပိုင်စိုး ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဆက်ပိုင်စိုး**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဝင်းမော်ဦး [၁/မကန(နိုင်)၂၃၁၆၃၆]၏ ပတ်စ်ပို့နံပါတ် (ME-686978) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**၀၉–၆၈၇၅၅၃၂၅၅**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဝွန်ဆိုင်း [၁/မကန (နိုင်) ၀၉၆၃၀၀]၏ ပတ်စ်ပို့နံပါတ် (ME-332012) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**၀၉–၇၇၆၆၉၄၈၉၄**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးခါးတုံ [၁/မကတ (နိုင်) ၀၁၆၉၆၅]၏ ပတ်စ်ပို့နံပါတ် (MA-663035)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**၀၉–၇၇၆၆၉၄၈၉၄**

## ပတ်စ်ပို့ပျောက်

ကျွန်မ မကွေ့ဝင်း [၁/မကန (နိုင်) ၁၈၂၅၀၄]၏ ပတ်စ်ပို့နံပါတ် (M-854567) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**၀၉–၇၇၀၁၀၁၁၁၈**

ဥတုရာသီ
တောကို
မှီ၍

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဆန်စက်လမ်းနှင့် ဖန်ချက်စက်လမ်းကြား၊ မုဒိတာအိမ်ရာ(၂)၊ အမှတ် (2A/၇၈၀) / ၆လွှာ၊ အကျယ်အဝန်း (ပေ၁၅xပေ၄၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နီထွေးအောင် [၁၂/ဥကတ(နိုင်)၀၆၁၉၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမြသီတာ [၁၀/မလမ(နိုင်)၂၁၂၅၄၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေကြေးများအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမြသီတာ [၁၀/မလမ(နိုင်)၂၁၂၅၄၇]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီတာအေး**
**(LL.B)(WIPO,Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၀၈)**
**အမှတ် (၂၃၇၆/ခ)၊ ဇေယျဝတီအရှေ့ (၄)လမ်း၊ (၁၀)တောင်၊ (၁၂)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-443025964**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်(၁)ရပ်ကွက်၊ ဝေဇယန္တာဥယျာဉ်အိမ်ရာ၊ အမှတ်(၂၅/B)နေ ဦးအောင်အောင်ကျော်စိုး [၁၂/မဂတ(နိုင်)၀၀၂၀၄၇]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်သည်မှာ–

**ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၂၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ်–၈၄၇** ဟုခေါ်တွင်သော အလျား(၄၀)ပေx အနံ(၆၀)ပေရှိ ဒေါ်ဖြူဖြူသန်း၊ ဒေါ်နီနီသန်းတို့ ဂရန်အမည်ပေါက်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈ ½)ထပ်၊ တိုက်ခန်း(၁၇)ခန်းပါဝင်သော အဆောက်အအုံရှိ အလျား(၁၉)ပေx အနံ(၅၄)ပေ **ကျယ်ဝန်းသည့် (၆)လွှာ၊ ပဥ္စမထပ်၊ ခြေရင်းဘက်ခြမ်းတိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**သည် ယခု အပိုင်ရောင်းချသူ ဦးအောင်အောင်ဦး [၁၂/လသန(နိုင်) ၀၁၅၈၀၉]မှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင် လက်ရှိပိုင်ဆိုင်ထားပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်းနှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးအောင်အောင်ကျော်စိုး [၁၂/မဂတ(နိုင်)၀၀၂၀၄၇]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အားမီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊ (၈)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း– 09 260087755, 09 421123477**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၁၀–ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်–၁၁/က ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၅၀၊ လူနေရပ်ကွက်အမှတ်– ကံဘဲ့၊ မြေကွက်အမှတ်– ၃၃/ဃ၊ ဧရိယာ (၀.၁၁၀)ဧကအနက် တရားဝင်မခွဲစိတ်ရသေးသော မြေ၏မြောက်ဘက်ခြမ်း အကျယ် (၂၂x၆၀)ပေ၊ မြေအမျိုးအစား– မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်စောအမည်ပေါက်လျက်ရှိပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်–၁၃၉/၁၉၉၇ (၂၂–၁–၉၇) အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်သန်း [၁၂/ရပသ(နိုင်)၀၁၆၄၁၄]ထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်–၂၂၅၁/၁၉၉၉ အရ ဦးခင်မောင်ဝင်း(ခ)စိုင်းရီတစ် [၁၃/တခလ(နိုင်)၀၃၄၂၈၃] ၎င်း၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်– ၁၉၀၁၆/၂၀၁၁ (၂၄–၁၀–၂၀၁၁)ရရှိသူ ဦးစိုင်းဝမ်စိုး (ဘ) ဦးကိုးလှိုင်[၁၃/မပတ(နိုင်)၀၂၀၉၀၂]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီ ထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **အထက်တန်းရှေ့နေ(စဉ်–၄၈၉၃၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၈၇၅)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရောင်းချရန်ကြော်ငြာစာ
## တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆
## ကမာရွတ်ခရိုင်တရားရုံး၌
## ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှု အမှတ် – ၃၆

ဦးထွန်းထွန်းဦး နှင့် ၁။ ဒေါ်ဝါဝါခိုင်
၂။ ဒေါ်သန်းသန်းနိုင်(၎င်းကိုယ်တိုင်နှင့် (၁)တရားရှိုး၏အခွင့်ရကိုယ်စားလှယ်)
(ဒီကရီအနိုင်ရသူ) (တရားရှိုးများ)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်– ၆၁၅/၂၀၁၆ အမှုတွင် ချမှတ်ခဲ့သော အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူသူသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

**ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၅၊ (၆–ဂျီ)၊ မြေကွက်အမှတ်–၉၄၊ ဆရာစံ(မြောက်/အရှေ့)ရပ်ကွက်၊ အရှေ့ဈေးဟောင်းလမ်း၊ အမှတ်–၂၀ ဟုခေါ်တွင်သည့် မြေကွက် (သက်သက်)နှင့် ယင်းမြေကွက်ပေါ်ရှိ (၂၀ပေ ၄၀ပေ) အကျယ်ရှိ (မြေညီထပ်) တိုက်ခန်း(၁)ခန်း၊ (၂၀ပေ ၄၀ပေ)အကျယ်ရှိ (ပထမထပ်) တိုက်ခန်း(၁)ခန်း**

**ကြမ်းခင်းဈေးကျပ်သိန်း (၂၄၀၀) (ကျပ်သိန်းနှစ်ထောင့်လေးရာတိတိ)**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှိုး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

